# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၂၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၈၀.၉၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့(၂၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ပြည်ပခရီးစဉ်။ ဦးစတီဖင်သာဘိတ်၊ ချင်း(၄)၊ ရေးရာ ကော်မတီအစည်းအဝေး။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ရေးရာကော်မတီအစည်းအဝေး။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကော်မတီလုပ်ငန်းများ။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာကျော်သိန်း၊ မွန်(၄)၊ ဆေးစစ်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကျန်းမာရေး။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကော်မတီကိစ္စ။ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃)၊ ကော်မတီလုပ်ငန်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူး တင်အောင်မိုး၊ တပ်မတော်၊ ဆေးရုံတက်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကော်မတီအစည်းအဝေး။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကျန်းမာရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကော်မတီလုပ်ငန်း။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၂ )ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုချက်အပေါ် ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ - ၁)၁/၂၀၁၃ - ၁၄၁

ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂-၇-၂၀၁၃ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေကြမ်းပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို ၉-၈-၂၀၁၃ ရက်နေ့တွင် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန် ရှိသူများကို ဖိတ်ခေါ်၍ အစည်းအဝေးပြုလုပ်ခဲ့ပြီး လိုအပ်ချက်များကို မေးမြန်းဆွေးနွေး၍ လေ့လာတွေ့ရှိချက်များအပေါ်တွင် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ၂၀-၈-၂၀၁၃ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် တင်ပြခဲ့ပါသည်။ ဖော်ပြပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀-၈-၂၀၁၃ ရက်နေ့အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦး က အကြံပြုဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လွှတ်တော်၌ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ပါသည် -

(က) ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ၏ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့များ၏ အရည်အချင်း သတ်မှတ်ချက်များသည် ပြည့်စုံ

လုံလောက်ပြီးဖြစ်သည်ဟု ဆွေးနွေးညှိနှိုင်း သဘောတူညီခဲ့ကြပါသည်။ ကော်မရှင်အဖွဲ့သည် ဥပဒေပြုရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်း မဟုတ်သည့်အပြင် ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်စီမံ ဆောင်ရွက်ခွင့်အာဏာ၊ တရားစီရင်ခွင့်အာဏာတို့နှင့် ဆက်စပ်နေသော State Organization မျိုးမဟုတ်သဖြင့် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာများ ထည့်သွင်းရန် မလိုအပ်ပါကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တာဝန်ပေးအပ်ရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့နှင့် ညှိနှိုင်းပြီး ရွေးချယ်ရန် ပြင်ဆင်ဖြည့်စွက်ထားပြီးဖြစ်ပါ၍ ကော်မရှင်အဖွဲ့ဝင်လောင်းစိစစ်ရွေးချယ်ရေးအဖွဲ့တွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များပါဝင်ရန် မလိုအပ်တော့ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

(ဂ) ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဖြစ်ပြီး ကော်မရှင်ဖွဲ့စည်းခြင်း၊ ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်၏ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ၊ ဘဏ္ဍာငွေသုံးစွဲရေးနှင့် ဝန်ထမ်းဖွဲ့စည်းမှုကိစ္စရပ်များကို အလေးဂရုပြု ဖော်ပြထားခြင်းဖြစ်သည့်အပြင် ကော်မရှင်သည် နိုင်ငံတော်၏ အဖွဲ့အစည်း State Organization တစ်ခု မဟုတ်ခြင်း၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ သဘောထား အမြင်နှင့် ထောက်ခံမှုကိုသာ ပေးနိုင်ခြင်းစသည့် ထူးခြားချက်များကြောင့် တားမြစ်ချက်နှင့် ပြစ်ဒဏ်များ ပြဋ္ဌာန်းခြင်း၊ ကျင့်ထုံးဥပဒေအဖြစ် ပြဋ္ဌာန်းခြင်းတို့ကို သီးခြား ဥပဒေတစ်ရပ်အဖြစ် လတ်တလော ဆောင်ရွက်ရန် မလိုအပ်ပါကြောင်း ညှိနှိုင်းသဘောတူညီ မှုရရှိခဲ့ပါသည်။

(ဃ) ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ ပုဒ်မ ၄၂ တွင် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း ဟူသည့် စကားရပ်တွင် ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများ၊ အမျိုးသမီးဂေဟာများ၊ ပရဟိတဂေဟာများပါ အကျုံးဝင်ပြီးဖြစ်သဖြင့် ထပ်မံဖြည့်စွက်ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်းနှင့် ပုဒ်မ ၄၃၊ ပုဒ်မခွဲ(က)တွင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးလိုသောကာလကို

သက်ဆိုင်ရာ တာဝန်ရှိသူများထံ အကြောင်းကြားရန်သာဖြစ်ပြီး ခွင့်ပြုချက်တောင်းခံရန် မဟုတ်သည့်အတွက် ပြည့်စုံလုံလောက်ပြီး ဖြစ်သည် ဟု ဆွေးနွေးညှိနှိုင်းသဘောတူညီခဲ့ပါသည်။

(င) ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုခဲ့သော လူ့အခွင့်အရေးဆိုင်ရာ အချက်(၃)ရပ်ကို နိဒါန်းတွင် ဖော်ပြပေးရန်မှာ နောင်တွင်လည်း အခြားစာချုပ်များ ဆက်လက်ချုပ်ဆိုဖွယ်ရာ အကြောင်းများရှိသည့်အပြင် ယင်းအချက်များကို အပြည့်အစုံထည့်လိုက်ပါက ဥပဒေရေးထုံးအရ ကျစ်လစ်မှုမရှိနိုင်သဖြင့် ထည့်သွင်းဖော်ပြရန်မသင့်မြတ် ဟု ကော်မတီ၏ ညှိနှိုင်းဆွေးနွေးချက်ကို ဦးအုန်းတင် က လိုက်လျောသဘောတူညီခဲ့ပါသည်။ ထို့အပြင် ကော်မရှင်ကို (၂၁)ဦးဖြင့် ဖွဲ့စည်းရန် အကြံပြုချက်မှာလည်း ကော်မရှင်အဖွဲ့ဝင် အနည်းဆုံး (၉)ဦးမှ (၁၅)ဦးထိ ဟူသော ပြဋ္ဌာန်းချက်သည် ပြည့်စုံလုံလောက်ပြီးဖြစ်ကြောင်း သဘောတူညီခဲ့ပါသည်။ ကော်မရှင်အဖွဲ့ဝင်၏ အသက်ကန့်သတ်ချက်ကိုလည်း ထပ်မံပြင်ဆင်ရန် မလိုအပ်တော့ကြောင်းနှင့် ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အဆင့်သတ်မှတ်ချက်အတွက် နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များကိုလည်းကောင်း ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ထက်မနိမ့်သော အဆင့်အတန်းကို သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ခဲ့ပြီးဖြစ်သဖြင့် ထပ်မံပြင်ဆင်ရန် မလိုအပ်တော့ပါကြောင်း ညှိနှိုင်းသဘောတူညီခဲ့ပါသည်။ ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေး အဖွဲ့တွင် ဦးအုန်းတင် ၏ အကြံပြုချက်အရ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ ကိုယ်စားလှယ်တစ်ဦးကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းရန်နှင့် ပုဒ်မ ၅ တွင် ပုဒ်မခွဲ အသစ်တစ်ခုအဖြစ် ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၅။ သို့ပါ၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ညှိနှိုင်းဆွေးနွေးချက်များအပေါ် ပြန်လည်စိစစ်တင်ပြသည့် အစီရင်ခံစာအား အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၁)၊ အပိုဒ် ၂(က)(င)

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည် ဟု ပြင်ဆင် ထားပါတယ်။

(ခ) လူ့အခွင့်အရေးဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား များ၏ အခွင့်အရေးများ၊

(၂) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေးများ၊

(၃) နိုင်ငံတော်က လိုက်နာရန် တာဝန်ရှိသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် ကြေညာချက်များပါ လူ့အခွင့်အရေးများ၊

(၄) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် အခြားလူ့အခွင့်အရေးများ ဟု ဖြည့်စွက်ထားပါတယ်။

(စ) ကော်မရှင်ရုံး ဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် တည်ထောင်ထားသော ရုံးကိုဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဥပဒေကြမ်းကော်မတီက (၂) မှာ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းဆိုတာ နည်းနည်းလေး ပြန်စစ်လိုက်ပါ။ Universal Declaration of Human Rights ဆိုတဲ့ စာကို မြန်မာလို တရားဝင် ဘယ်လိုသုံးသလဲ၊ တရားဝင် သုံးတဲ့အတိုင်းလေးဖြစ်အောင် ပြန်စစ်လိုက်ပါ။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ်၂(က)(င) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)၊ (ခ)(၁)(၂)(၃)(၄)၊(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ)

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမို၍ ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်၊

(ဂ) နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် ကြေညာချက်များပါ လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင်ကာကွယ်နိုင်ရန်၊

(ဃ) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ) ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၂)၊ အပိုဒ် ၃၊ အပိုဒ် ၄(င)(စ)(ဇ)၊ အပိုဒ် ၅(ခ)(ဂ)(ဃ)(၁)၊ အပိုဒ် ၆(ခ)(၁)(၂)(၃)(၄)၊ (ဂ)၊ အပိုဒ် ၈၊ ၁၁၊ ၁၂

အခန်း(၃)

ကော်မရှင် ဖွဲ့စည်းခြင်း

ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်သမ္မတသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မရှင်အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၅ ဦးအထိ ပါဝင်သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရမည် ဟု ပြင်ဆင်ထားပါတယ်။

၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင် ဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကော်မရှင် အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည် -

(င) မြန်မာနိုင်ငံ တရားလွှတ်တော်ရှေ့နေများကောင်စီမှ ကိုယ်စားလှယ်တစ်ဦး၊

(စ) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဟု ပြင်ဆင်ထားပါတယ်။

(ဇ) မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ ကိုယ်စားလှယ်တစ်ဦး ဟု ဖြည့်စွက်ထားပါတယ်။

(ဈ) ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး ဟု ပြင်ဆင်ထားပါတယ်။

၆။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် အောက်ဖော်ပြပါစံနှင့် ကိုက်ညီသူများကို ကော်မရှင် အဖွဲ့ဝင် လောင်းများ အမည်စာရင်းအတွက် စဥ်းစားရမည် -

(ခ) အသက် ၃၅ နှစ်ထက်မငယ်သူဖြစ်ခြင်း၊

(ဂ) သိက္ခာသမာဓိနှင့် ပြည့်စုံ၍ အကျင့်စာရိတ္တကောင်းမွန်သူအဖြစ် အသိအမှတ်ပြုခံရ ပြီး ကော်မရှင်အဖွဲ့ဝင်၏လုပ်ငန်းကို ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာ ထမ်းဆောင် နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ဃ) အောက်ပါ နယ်ပယ်တစ်ရပ်ရပ်တွင် ဗဟုသုတ သို့မဟုတ် အတွေ့အကြုံ ကြွယ်ဝသူ ဖြစ်ခြင်း -

(၁) လူ့အခွင့်အရေးမူများနှင့် သက်ဆိုင်သည့် ပြည်တွင်းဥပဒေများနှင့် အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ ကြေညာချက်များနှင့် ဥပဒေများ၊

၇။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် -

(က) ကော်မရှင် အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို စဥ်းစားရာတွင် ကော်မရှင် ဖွဲ့စည်းမှုကို ချိုင့်စဥ်းစားရမည်။

(ခ) အောက်ပါတို့နှင့် စပ်လျဥ်း၍ ဗဟုသုတ၊ အတွေ့အကြုံ သို့မဟုတ် ကျွမ်းကျင်မှု ရှိသူတို့ကို ကော်မရှင် အဖွဲ့ဝင်လောင်းများအဖြစ် ထည့်သွင်းစဥ်းစားရမည် -

(၅) လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် အားပေးဆောင်ရွက်မှု၊

(၆) အများပြည်သူအား ပညာပေးမှု၊

(၇) ပြည်သူ့အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊

(၈) အရပ်ဘက်အဖွဲ့အစည်း၊ ပညာရပ်ဆိုင်ရာ အဆင့်မြင့်အဖွဲ့အစည်းများ၊ လူမှု ဝန်ထမ်းလုပ်ငန်းများ၊ ရပ်ရွာ ဖွံ့ဖြိုးရေးနှင့် ဥပဒေရေးရာ၊

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ စဥ်းစားရာတွင် အမျိုးသား၊ အမျိုးသမီးနှင့် တိုင်းရင်းသား လူမျိုးများပါ သင့်တင့်မျှတစွာ ပါဝင်စေပြီး ရွေးချယ်ရမည်။

၉။ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ပုဒ်မ ၈ အရ တင်ပြသည့် ကော်မရှင် အဖွဲ့ဝင်လောင်းထဲမှ သင့်လျော်သော ကော်မရှင် အဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ရမည်။ ထိုသို့ရွေးချယ်ခန့်အပ်ရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။

၁၂။ (က) နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အခြားကော်မရှင်အဖွဲ့ဝင်များကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ထက် မနိမ့်သော အဆင့်အတန်းကို သတ်မှတ်ပေးရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်များသည် ပုဒ်မခွဲ(က)နှင့်အညီ သတ်မှတ်ပေးသော အဆင့်အတန်းနှင့် လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃၊ အပိုဒ် ၄(င)(စ)(ဇ)၊ အပိုဒ် ၅(ခ)(ဂ)(ဃ)(၁)၊ အပိုဒ် ၆(က)၊(ခ)(၁)(၂)(၃)(၄)၊ (ဂ)၊ အပိုဒ် ၈၊ ၁၁၊ ၁၂ ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ်၄၊ အပိုဒ် ၅(င)(စ)(ဇ)(ဈ)၊ အပိုဒ်၆(ခ)(ဂ)(ဃ)(၁)၊ အပိုဒ်၇(က)(ခ)(၅) (၆)(၇)(၈)၊ (ဂ)၊ အပိုဒ်၉၊ အပိုဒ်၁၂ (က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၃)၊ အပိုဒ် ၁၃၊ ၁၄၊ အစုခေါင်းစဉ်၊ အပိုဒ် ၁၈၊ ၁၉၊ ၂၁

အခန်း(၄)

ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

၁၃။ ကော်မရှင် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ငါးနှစ် ဖြစ်သည်။

၁၄။ ကော်မရှင် အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်း နှစ်ခုထက် ပိုမိုတာဝန်ထမ်းဆောင်ခွင့်မရှိစေရဟု ပြင်ဆင်ထားပါတယ်။

ရာထူးမှ နုတ်ထွက်ခြင်း အစုခေါင်းစဉ်ကို ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း ဟု ပြင်ဆင်ထားပါတယ်။

၁၈။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းပြီး အောက်ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက တာဝန်မှ ရပ်စဲနိုင်သည် -

၁၉။ နိုင်ငံတော်သမ္မတသည်-

(က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့် ဖြစ်စေ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြား အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် စိစစ်ရွေးချယ်ရေးအဖွဲ့က တင်ပြထားသော ကော်မရှင် အဖွဲ့ဝင်လောင်း အမည်စာရင်းမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ဖြည့်စွက်ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ကော်မရှင်အဖွဲ့ဝင်လောင်း အမည်စာရင်းမှ ရွေးချယ်ရန် သင့်လျော်သူ မရှိပါက ပုဒ်မ ၄၊ ၅၊ ၆၊ ၇ နှင့် ၈ တို့ပါပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ပြီး ဖြည့်စွက် ခန့်ထားရမည်။

၂၁။ ပုဒ်မ ၁၃ ပါ ရာထူးသက်တမ်းနှင့် စပ်လျဉ်း၍ မည်သို့ပင် ပါရှိစေကာမူ လစ်လပ်ရာထူး တွင် ပုဒ်မ ၁၉ အရ ဖြည့်စွက် ခန့်ထားခြင်းခံရသည့် ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ၎င်းအစားထိုးသည့် ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာဖြစ်သည် ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၁၃၊ ၁၄၊ အစုခေါင်းစဉ်၊ အပိုဒ် ၁၈၊ ၁၉၊ ၂၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၃၊ ၁၄၊ အစုခေါင်းစဉ်၊ အပိုဒ် ၁၈၊ ၁၉(က)(ခ)၊ အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်- အခန်း(၄)၊ အပိုဒ် ၂၂(က)(ခ)(၁)(၂)(၃)၊ (ဂ)(ဃ)(စ)(ဇ)(ဌ)၊ အပိုဒ် ၂၃၊ ၂၄၊၂၅

အခန်း(၅)

ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာအဆင့်အတန်း မြှင့်တင်ရေးနှင့် ခွဲခြားမှု ပုံသဏ္ဍာန်အားလုံးကို တိုက်ဖျက်သည့် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ရေးတို့အတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်းနှင့် ပညာပေးခြင်း၊

(ခ) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များ၊ ကြေညာချက်များနှင့် ပြည်တွင်းဥပဒေများအား လိုက်နာမှု ရှိ/မရှိကို စောင့်ကြည့်လေ့လာရေး၊ မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ခြင်း

(၁) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ အကြံပြု တင်ပြခြင်း၊

(၂) တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များနှင့် ကိုက်ညီမှု ရှိ/မရှိ ကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြင်ဆင်သင့်သည့် ဥပဒေများနှင့် အခြား ဆောင်ရွက်သင့်သည်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(၃) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းရန်တာဝန်ရှိသည့် အစီရင်ခံစာများ ပြုစုရာတွင် လည်းကောင်း၊ အဆိုပါ အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသင့်သည်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စု အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်း။

(ဂ) လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ခြင်း ရှိ/မရှိ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊

(ဃ) တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားကြောင်းသိရှိရသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်း၊

(စ) သက်ဆိုင်ရာ ပြည်သူ့လူမှု အဖွဲ့အစည်း၊ စီးပွားရေး အဖွဲ့အစည်း၊ အလုပ်သမား အဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစုများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းတို့နှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်း၊

(ဇ) ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က ကော်မရှင်သို့ ရည်ညွှန်းပေးပို့သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြန်လည်ဖြေကြားခြင်း၊

(ဈ) နိုင်ငံတော်၏ လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များပါဝင်သော နှစ်ပတ်လည် အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(ည) လိုအပ်ပါက လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်း။

၂၃။ ကော်မရှင်ဥက္ကဋ္ဌသည် အကြောင်းတစ်စုံတစ်ရာကြောင့် မိမိ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ခြင်း မရှိလျှင် ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရမည်။

၂၄။ ကော်မရှင်သည် -

(က) မိမိ၏လုပ်ပိုင်ခွင့်အတွင်း ကျရောက်သောကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရှိသည်။

(ခ) ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဤဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

၂၅။ ကော်မရှင် အဖွဲ့ဝင် တစ်ဦးသည် မိမိ၏ ဆောင်ရွက်ချက် တစ်ရပ်မှာ ကော်မရှင်၏ အကျိုးနှင့် ဆန့်ကျင်ကြောင်း သိရှိပါက ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင် အဖွဲ့ဝင်များအား ချက်ချင်း အကြောင်းကြားပြီး ကော်မရှင်၏အကျိုးကိုမထိခိုက်စေရေးအတွက် ဆောလျင်စွာပြုပြင် ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

၂၇။ ကော်မရှင်သည် ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများ ကျင်းပခြင်း၊ အစည်းအဝေးအထမြောက်ခြင်း၊ သဘာပတိအဖြစ် ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၂၂(က)(ခ) (၁)(၂)(၃)၊ (ဂ)(ဃ)(စ)(ဇ)(၅)၊ အပိုဒ် ၂၃၊ ၂၄၊ ၂၅၊ ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၂၂(က) (ခ)(၁)(၂)(၃)၊ (ဂ)(ဃ)(စ)(ဇ)(၅)(၃)၊ အပိုဒ် ၂၃၊ ၂၄(က)(ခ)၊၂၅ ၊ ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊ ၂၈၊ ၂၉၊ ၃၆(က)၊ ၃၈၊ အပိုဒ် ၃၉(က) (ခ)(ဂ)(ဃ)၊ အပိုဒ် ၄၁၊ ၄၂၊ ၄၄

အခန်း (၆)

စုံစမ်းစစ်ဆေးခြင်း

လူ့အခွင့်အရေး ဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက်များလက်ခံဆောင်ရွက်ခြင်း

၂၈။ လူ့အခွင့်အရေး ဖောက်ဖျက်မှုများ ကျယ်ပြန့်စွာ ဖြစ်ပွားနေသည်ကို လည်းကောင်း၊ ဖောက်ဖျက်မှုသည် စနစ်တစ်ရပ်အဖြစ် ဦးတည်နေသည်ကိုလည်းကောင်း သိရှိပါက ကော်မရှင်သည် ဦးဆောင်ဦးရွက်ပြု၍ စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

၂၉။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရာတွင် သဘာဝတရား မျှတမှုသဘောတရားနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ထို့ပြင် တရားမကျင့်ထုံး ဥပဒေ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေနှင့် သက်သေခံ အက်ဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံး ဆောင်ရွက်နိုင်သည်။

၃၀။ လူ့အခွင့်အရေးဖောက်ဖျက်မှု ရှိသည်ဟု စွပ်စွဲချက်နှင့် စပ်လျဉ်း၍ပုဂ္ဂိုလ်တစ်ဦးသည် မိမိ ကိုယ်တိုင်အတွက် သော်လည်းကောင်း၊ အခြားသူတစ်ဦး တစ်ယောက်အတွက်သော် လည်းကောင်း၊ တူညီသော လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း၊ တိုင်တန်းလိုသည့် အကြောင်းရင်း ဖော်ပြပြီး ကော်မရှင်သို့ တိုင်ကြားနိုင်သည်။

၃၇။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော တိုင်တန်းချက်ကို စုံစမ်း စစ်ဆေးခြင်း မပြုလုပ်ရ -

(က) တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့် တရားရုံး တစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲ အမှုများ၊

၃၉။ စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြီးဆုံးသည့်အခါ ကော်မရှင်သည် လိုအပ်ပါက မိမိ၏ စုံစမ်း တွေ့ရှိချက်များနှင့်အကြံပြုချက်များကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြပြီး အများပြည်သူ သိရှိနိုင်ရန်လည်း ထုတ်ပြန်နိုင်သည်။

၄၀။ ကော်မရှင်သည် တိုင်တန်းချက်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေးကို ဖောက်ဖျက်မှုရှိကြောင်း အထောက်အထား ခိုင်လုံစွာ တွေ့ရှိပါက ပုဒ်မ ၃၈ အရ တင်ပြသည့် အစီရင်ခံစာတွင် အောက်ပါကိစ္စများအတွက် အကြံပြု တိုက်တွန်းချက်များကို ဖော်ပြရမည် -

(က) လူ့အခွင့်အရေး ဖောက်ဖျက်မှုရှိကြောင်း အတည်ပြုချက်နှင့် ယင်းလူ့အခွင့်အရေး ဖောက်ဖျက်မှုများ ဆက်လက်မဖြစ်ပေါ်စေရေးနှင့် အလားတူ ဖောက်ဖျက်မှုများ ထပ်မံမဖြစ်ပွားစေရေးကိစ္စ၊

(ခ) လူ့အခွင့်အရေး ဖောက်ဖျက်မှုကိုကုစားရန် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက သင့်လျော်သလို ဆောင်ရွက်ပေးရေးကိစ္စ၊

(ဂ) လူ့အခွင့်အရေး ဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေး ဖောက်ဖျက်ခြင်းခံရသူ ရသင့်ရထိုက်သည့် နစ်နာကြေး ရရှိနိုင်ရေးကိစ္စ၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း၊ ပုဂ္ဂိုလ် သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်း က အရေးယူ ဆောင်ရွက်ရေးကိစ္စနှင့် ယင်းအကြံပြု တိုက်တွန်းချက်များအပေါ် ၎င်းတို့၏ အရေးယူ ဆောင်ရွက်ချက်များကို ကော်မရှင်သို့ သင့်လျော်သော အချိန်ကာလအတွင်း ပြန်ကြားရေးကိစ္စ။

၄၂။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြားတစ်စုံတစ်ယောက်အား ထိုပုဂ္ဂိုလ်ကဖြစ်စေ ထိုပုဂ္ဂိုလ်နှင့် ကျွမ်းဝင်သူကဖြစ်စေ အောက်ပါကိစ္စတစ်ရပ်ရပ် လုပ်ဆောင်မှုကြောင့် မတရား ဖိနှိပ်ခြင်း၊ ခြောက်လှန့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် စွက်ဖက်ခြင်း တို့ ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း

၄၃။ ကော်မရှင်သည် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများတွင် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ ကြေညာချက်များ၊ ပြည်တွင်း ဥပဒေများနှင့် အညီ လူသားချင်း စာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ/မရှိ စိစစ်နိုင်ရန် အဆိုပါ နေရာများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့် ရှိသည်။ ယင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။ သို့ရာတွင် သက်ဆိုင်ရာ ဥပဒေကို ကိုးကား ကျင့်သုံးခြင်းသည် ကော်မရှင်၏ ထိရောက်စွာ စစ်ဆေးနိုင်စွမ်းကို မလိုအပ်ဘဲ အကန့်အသတ် မဖြစ်စေရ။

၄၅။ ကော်မရှင်သည် မိမိ၏ တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်းနှင့် အများပြည်သူအား သင့်လျော်သလို အသိပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ (၂၉) နည်းနည်းပြန်ကြည့်ပါ။ (၂၉)။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှု တစ်ရပ် ပြုလုပ်ရာတွင် သဘာဝတရားမျှတမှု သဘောတရားနှင့်အညီ ဆိုတာ ဘာကို ဆိုလိုတာလဲ။

**ဦးဇော်မြင့်ဖေ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒီ Natural Justice ကို သူက တိုက်ရိုက်ဘာသာပြန်လိုက်တဲ့ အပိုင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘာဝတရား၏ မျှတမှု သဘောတရားနှင့်အညီဆိုတာ ရှင်းသွားတာပေါ့၊ Natural Justice ဆိုတာ။

**ဦးဇော်မြင့်ဖေ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်တယ်။ အဲဒါပါပဲ။

**ဥက္ကဋ္ဌ**။ ။ သဘာဝတရား၏ မျှတမှုသဘောတရားနှင့်အညီ။ (၏)လေးတစ်လုံး ထည့်လိုက်ရင် သဘောတူလား။

**ဦးဇော်မြင့်ဖေ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ တူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြီးခဲ့တဲ့၊ တင်ပြခဲ့တဲ့ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊ ၂၈၊ ၂၉၊ ၃၆(က)၊ ၃၈၊ ၃၉(က) (ခ)(ဂ)(ဃ)၊ အပိုဒ် ၄၁၊ ၄၂၊ ၄၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၈၊ ၂၉၊ ၃၀၊ ၃၇(က)၊ ၃၉၊ ၄၀(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၄၂၊ ၄၃၊ ၄၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် - အခန်း(၆)၊ အခန်း ခေါင်းစဉ်နှင့် အပိုဒ် ၄၅ မှ ၄၉ အထိ ပယ်ဖျက် ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အခန်းခေါင်းစဉ်နှင့် အပိုဒ် ၄၅ မှ ၄၉ အထိ ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၇)၊ အပိုဒ် ၅၀၊ ၅၁၊ ၅၄

၄၆။ နိုင်ငံတော်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင်က ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ်သော ဘဏ္ဍာငွေကို ထောက်ပံ့ရမည်။ အဆိုပါ ဘဏ္ဍာငွေကို ဘဏ္ဍာရေးကော်မရှင်က သင့်လျော်သော သီးခြားခေါင်းစဉ် တစ်ရပ်ဖြင့် ခွင့်ပြုပေးရန် စီစဉ်ရမည်။

၄၇။ ကော်မရှင်သည် မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံမှမဆို လူ့အခွင့်အရေး မြှင့်တင်ရေး၊ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကော်မရှင်၏ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို မထိခိုက်စေသည့် အနှောင်အဖွဲ့ မရှိသော အထောက်အပံ့ကို လက်ခံနိုင်သည်။

၅၀။ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ကော်မရှင်၏ ရန်ပုံငွေများနှင့် ငွေကြေး လွှဲပြောင်းမှုများအပေါ်တွင် အခွန်စည်းကြပ်မှုများမှ ကင်းလွတ်ခွင့်ရှိစေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၅၀၊ ၅၁၊ ၅၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၄၆၊ ၄၇၊ ၅၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၈)၊ အပိုဒ် ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉

၅၁။ ကော်မရှင်သည် -

(က) ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အလို့ငှာ ဝန်ထမ်းဖွဲ့စည်းပုံ တစ်ရပ်ရေးဆွဲထားရှိရမည်။ ယင်းဖွဲ့စည်းပုံအတွင်း လိုအပ်သော အရာထမ်းများ နှင့် အမှုထမ်းများ ကို ခန့်ထားရမည်။

(ခ) ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများ ခံစားခွင့်များကို သတ်မှတ်ရမည်။

၅၂။ ကော်မရှင်သည် မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ ဘဏ္ဍာရေး ခွင့်ပြုချက်ဘောင်အတွင်းမှ ကော်မရှင်ရုံး အကြီးအမှူး အပါအဝင် လိုအပ်သော အရာထမ်း၊ အမှုထမ်းများကို ခန့်အပ်နိုင်သည်။

၅၃။ (က) ကော်မရှင်ရုံး အကြီးအမှူးသည် ကော်မရှင်၏ အတွင်းရေးမှူးအဖြစ်တာဝန် ထမ်းဆောင်ရမည့်အပြင် ကော်မရှင်က သတ်မှတ်ပေးထားသော အခြားလုပ်ငန်း တာဝန်များကို လည်း ထမ်းဆောင်ရမည်။

(ခ) ရုံးဝန်ထမ်းအဖွဲ့အစည်းသည် ကော်မရှင်ကိုတာဝန်ခံရမည်။

၅၄။ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းများအတွက် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများနှင့် အညီ ကော်မရှင်ရုံး ဝန်ထမ်းများ၏ ရာထူးအဆင့်အတန်းကို သတ်မှတ်ပေးရမည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၅၁(က)(ခ)၊ အပိုဒ် ၅၂၊ ၅၃(က)(ခ)၊ ၅၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၉)၊ အပိုဒ် ၆၂၊ ၆၅၊ ၆၇၊ ၇၄(က)(ခ)

၅၇။ ကော်မရှင်သည် ကော်မရှင်ရုံးချုပ်ကို ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန်အတွက် ကော်မရှင်ရုံးခွဲများကို လိုအပ်သလို ဖွင့်လှစ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

၅၈။ ကော်မရှင်သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည် ဖော်ရန်အတွက် လိုအပ်သော အဖွဲ့ခွဲများ၊ လုပ်ငန်းအဖွဲ့များကို ဒေသအလိုက်ဖြစ်စေ၊ ဘာသာရပ် အလိုက်ဖြစ်စေ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

၆၀။ ကော်မရှင်အဖွဲ့ဝင်နှင့် ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်။

၆၂။ ကော်မရှင် သို့မဟုတ် ကော်မရှင်ရုံးသို့ ဆက်သွယ်ပေးပို့တင်ပြသည့် သို့မဟုတ် ယင်းက စုဆောင်းရယူထားသည့် စာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် သတင်းအချက်အလက်များသည် စိစစ် ဖြတ်တောက်ခြင်း သို့မဟုတ် စွက်ဖက်နှောင့် ယှက်ခြင်းတို့မှ ကင်းလွတ်စေရမည်။

၆၉။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၆၂၊ ၆၅၊ ၆၇၊ ၇၄(က) (ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၅၇၊ ၅၈၊ ၆၀၊ ၆၂၊ ၆၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၆၉ တို့သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၆၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က) အရ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)မှ ပြည်ထောင်စုဝန်ကြီး တင်သွင်းသွားတဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုကို ထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၀၂။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းကို ဤလွှတ်တော်မှ အတည်ပြုနိုင်ပါရန် အဆိုတင်သွင်းခြင်းကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာစိုးဝင်း မှ ထောက်ခံအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

## ဦးဖုန်းမြင့်အောင်၊ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)ကတင်သွင်းသည့် သတင်းမီဒီယာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က တင်သွင်းတဲ့ သတင်း မီဒီယာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဧည့်သည်တော်များနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပါစေလို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ဂါရဝပြုရင်း အရိုအသေပြုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၃-၈-၂၀၁၃ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဖုန်းမြင့်အောင် အဆို တင်သွင်းခဲ့တဲ့ သတင်းမီဒီယာ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နံပါတ်(၁)၊ အခန်း(၁)၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ(ဃ) နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဆွေးနွေးတင်ပြလိုပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း(၁)၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ(ဃ) မှာ သတင်းမီဒီယာ ဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ပျံ့နှံ့စေခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ ရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်း အချက်အလက် ရုပ်ပုံဒီဇိုင်းစသည့် အသွင်သဏ္ဌာန်များ အသုံးပြုကာ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့် ပြုလုပ်သည့် လူမှုရေးနှင့် အများပြည်သူများဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းကို ဆိုသည်ဟူသော စာပိုဒ်မှာ ပျံ့နှံ့စေခြင်းဆိုတဲ့ စကားပိုဒ်အစား ဖြန့်ချိခြင်းဆိုတဲ့ စကားပိုဒ်ကို အစားထိုးစေချင်ပါတယ်။ ထိုးပြီးတော့ လူမှုရေးနှင့် ဆိုသော စကားပိုဒ်ကို ပယ်ဖျက်သင့်ကြောင်း အဆိုပြု တင်သွင်းအပ်ပါတယ် ခင်ဗျား။

နံပါတ်(၂)၊ အခန်း(၃)အပိုဒ်(၄)အပိုဒ်ခွဲ(ဃ)။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းရဲ့ အခန်း(၃)အပိုဒ်(၄)အပိုဒ်ခွဲ(က)မှာ ဖော်ပြထားတဲ့ သက်ဆိုင်ရာဌာန အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းနဲ့အညီဆိုသော စကားပိုဒ်များကို ပယ်ဖျက်လျှင် အစိုးရဌာန အဖွဲ့အစည်းများတွင် သတင်းအချက်အလက်များရယူခွင့်၊ နေရာထိုင်ခင်းရယူခွင့်နှင့် ဝင်/ထွက်သွားလာခွင့်ရှိသည်ဟုသာ ဖော်ပြသင့်ကြောင်း အဆိုပြု တင်သွင်းအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၃)၊ အပိုဒ်(၆)၊ အပိုဒ်ခွဲ(က)နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြလိုပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း(၃)၊ အပိုဒ်(၆)၊ အပိုဒ်ခွဲ(က)မှာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်း(၃)ရပ်ကဖြစ်စေ အမိန့်၊ ညွှန်ကြားချက်၊ လုံခြုံရေး အဆင့်အတန်း သတ်မှတ်ထားသော စာရင်းဇယား၊ ဓာတ်ပုံ၊ မှတ်တမ်းရေးသားချက်များမှ အပ ဟူသော စာပိုဒ်များကိုပယ်ဖျက်လျှင် အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိသည်ဟူသော စာပိုဒ်ကိုသာ ဖော်ပြသင့်ကြောင်း အဆိုပြုတင်သွင်းအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၃)အပိုဒ်(၆)အပိုဒ်ခွဲ(ခ)နဲ့ ပတ်သက်လို့ ဆွေးနွေးလိုပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း(၃)အပိုဒ်(၆)အပိုဒ်ခွဲ(ခ)တွင် ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်များနဲ့ အညီဆိုသော စာပိုဒ်အား ပယ်ဖျက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ နံပါတ်(၅) အခန်း (၇)၊ အပိုဒ်(၁၉) အပိုဒ်ခွဲ(ခ)နဲ့ (ဂ)၊ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း(၇)၊ အပိုဒ်(၁၉)၊ အပိုဒ်ခွဲ(ခ)နဲ့(ဂ)တို့တွင် ဖော်ပြထားသည့် နှောင်ကြိုးမဲ့ဆိုသော စကားလုံးများအစား စေတနာအလျောက် ဆိုတဲ့ စကားလုံးများကို အစားထိုးသင့်ကြောင်း အဆိုပြု တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၆။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ ကျွန်မ မေတ္တာပို့ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ဒီ သတင်းမီဒီယာ ဥပဒေနဲ့ ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ထောက်ခံဆွေးနွေးမှာ ဆိုသော်ငြားလည်းပဲ ဒီထဲမှာ အချို့ကိုတော့ ကျွန်မ နည်းနည်းပါးပါး အကြံပြုပြီးတော့ ပြုပြင်ချင်တာလေးတွေ ရှိပါတယ်။ ဖြည့်စွက်ချင်တာလေးတွေ၊ အဲဒါကတော့ ကျွန်မက အသင်းအပင်းဖွဲ့စည်းခြင်း၊ ကောင်စီဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန်များ အဲဒီမှာ ကျွန်မက နည်းနည်းလောက် အဲဒါကို နည်းနည်းအကြံပြုချင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်မတို့ ကောင်စီသည် သတင်းမီဒီယာသမားများနဲ့ စပ်လျဉ်း၍ ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုသော အဖွဲ့အစည်း ဖြစ်သည်လို့ ဆိုပြီးတော့ အောက်မှာ (၁၃)၊ အခန်း(၆) ပုဒ်မ ၁၃၊ နိုင်ငံတော်သမ္မတသည် ဤဥပဒေပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံသတင်းစာ၊ သတင်းမီဒီယာကောင်စီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးရမည်ဆိုတာနဲ့ ပတ်သက်လို့ ကျွန်မ ဒီမှာ နည်းနည်းဆွေးနွေးချင်ပါတယ်။

ဒါကတော့ (က) ပုဒ်မ ၁၃(က) က ကောင်စီဝင်များအဖြစ် နိုင်ငံတော်သမ္မတ က အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ တို့က အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦးစီ (ခ)မှာတော့ သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်း/ရုပ်ပြဆရာများက သတ်မှတ် အချိုးအစားအလိုက် အဆိုပြုသည့် ကိုယ်စားလှယ်များ၊ နောက်တစ်ခါ (ဂ)မှာကျတော့ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနဲ့နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ် ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းများက ရွေးချယ်သည့် ကိုယ်စားလှယ်များ ဆိုပြီးတော့ နံပါတ်(က)မှာ ကောင်စီဝင်ဦးရေကို အနည်းဆုံး(၁၅)ဦးမှ အများဆုံး(၃၀)ဦးအထိ သတ်မှတ်ပေး ရမည်လို့ ပါ ပါတယ်။ အဲဒီမှာ ကျွန်မတို့ လေ့လာလိုက်တဲ့အခါမှာ အင်ဒိုနီးရှားမှာတော့ ဒီလို သတင်း ကောင်စီအဖွဲ့မှာ အားလုံးပေါင်း(၉)ဦးနဲ့ သတ်မှတ်ထားတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒါကတော့

သတင်းစာလောကကို ကိုယ်စားပြုတာက(၃)ဦး၊ နောက် မီဒီယာလုပ်ပိုင်ခွင့်တွေကို ကိုယ်စားပြုတာ(၃)ဦးနဲ့ လူထုက အသိအမှတ်ပြုခံရတဲ့ နာမည်ကောင်းရရှိထားသော အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်၊ နောက် ဥပဒေပညာရှင် ကိုယ်စားလှယ်၊ လူထုအကျိုးပြုလူမှုရေးအဖွဲ့အစည်း ကိုယ်စားလှယ် စသည်တို့ ပါတာက (၃)ဦး ဆိုပြီးတော့ (၉)ဦး ဒါ သူတို့ ဖွဲ့စည်းထားတာကို တွေ့ရပြီးတော့၊ အိန္ဒိယမှာကျတော့ အဖွဲ့ဝင် (၂၉)ဦးနဲ့ ဖွဲ့စည်းထားတာကို တွေ့ရတယ်။ အဲဒီလိုတွေ့ရပြီးတဲ့အခါကျတော့ကာ ဒီအင်ဒိုနီးရှားမှာကျတော့ သူက သမ္မတကနေပြီးတော့ ရွေးချယ် ပြီးတော့ ထည့်တာတွေ ဘာတွေကတော့ မရှိဘူး။ ကျန်တဲ့ လုပ်ပိုင်ခွင့်တွေ မရှိဘူး။

သို့သော်ငြားလည်းပဲ သမ္မတကနေပြီးတော့ပဲ အတည်ပြုပြီးတော့ ဖွဲ့စည်းပေးပါတယ်။ သူက အတည်ပြုပြီးတော့ ဖွဲ့စည်းပေးရုံပဲ။ ကျန်တာတော့ ရွေးချယ်ပေးတာတွေ ဘာတွေ လုပ်ပိုင်ခွင့် မရှိပါဘူး။ သို့သော် အိန္ဒိယနိုင်ငံမှာကျတော့ (၂၉)ဦးကို ဒီမှာ ကျွန်မ နည်းနည်းရှည်မှာစိုးလို့ မပြောတော့ဘဲနဲ့ ဖွဲ့ပြီးတော့ အခါကျတော့မှ (၂၉)ဦးနဲ့ ဖွဲ့ပြီးတော့မှ ဥက္ကဋ္ဌကို အတည်ပြုတာကတော့ ပါလီမန်မှာ အတည်ပြုပြီးတော့ သူက ရွေးချယ်ပါတယ်။ ပါလီမန်နဲ့ ကျန်တဲ့ကောင်စီအဖွဲ့ဝင်များနဲ့ ပါလီမန်ကနေပြီးတော့ ရွေးချယ်အတည်ပြုပေးပါတယ်။ အဲဒီတော့ ကျွန်မတို့ မြန်မာနိုင်ငံမှာ သိပ်အရေး မကြီးလှသော်လည်း အိန္ဒိယမှာ(၂၉)ဦး၊ အင်ဒိုနီးရှားမှာ (၉)ဦးဆိုတဲ့အခါကျတော့ ကျွန်မတို့ ဒီအထဲက အိန္ဒိယမှာကျတော့ လွှတ်တော်က ကိုယ်စားလှယ် အားလုံးပေါင်း (၅)ဦး ပါ ပါတယ်။ အင်ဒိုနီးရှားမှာကတော့ လွှတ်တော်ကိုယ်စားလှယ်တွေမပါဘူး။ အိန္ဒိယမှာကျတော့ လွှတ်တော် ကိုယ်စားလှယ် (၅)ဦးပါ ပါတယ်။ ဒီမှာ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်ကို(၂)ဦး ထည့်ပြီးတော့ နိုင်ငံတော်သမ္မတ က အဆိုပြုတာကို (၁)ဦး ထည့်ပေးထားပါတယ်။ အဲဒီတော့ အဲဒီ(၃)ဦးကို ဖယ်လိုက်မယ်ဆိုလို့ရှိရင် ကျန်တဲ့ လောက က (၁၂)ဦး သို့မဟုတ် (၂၆)ဦး ပါ ပါတယ်။

အဲဒီတော့ ဒီ အရေးအတွက်နဲ့ ပတ်သက်လို့ ဒါ ကျွန်မအစောက စကားခံထားသလိုပဲ သိပ်အရေးမကြီးငြားသော်လည်းပဲ ဒါကို နည်းနည်းလေး ဆင်ခြင်သင့်တယ်။ နည်းနည်းလေး ပြန်ပြီးတော့ ညှိသင့်တယ်လို့ ကျွန်မက အဲဒီလို ထင်ပါတယ်။ နောက်ကျန်တာတွေကတော့ ကောင်စီဝင် သက်တမ်းတွေ ဘာတွေ ညာတွေ ဘာမှပြောစရာ မရှိပါဘူး။ အားလုံးဟာ ကျွန်မ အကုန်လုံး တစ်ခု မကျန် ကျွန်မက ဒါကို ထောက်ခံရမယ့် သဘောပါပဲ။ သို့သော်ငြားလည်းပဲ အရှည်ကြီးပြောရမှာ စိုးတဲ့အတွက်ကြောင့် ကျွန်မ ဒီ ဦးဖုန်းမြင့်အောင် တင်သွင်းတဲ့ သတင်းမီဒီယာ ဥပဒေကို ကျွန်မ အစကနေ အဆုံး အကုန်လုံး တစ်ခုမကျန် အားလုံးကို ကျွန်မ က ထောက်ခံကြောင်း အဆို တင်သွင်းချင်ပါတယ်။ သို့သော်လည်း ဒီထဲမှာ ခြွင်းချက်အနေနဲ့ ဦးအုန်းတင် စောစောတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွားတဲ့ အပိုဒ်ကိုလည်း ကျွန်မ ကတော့ ထောက်ခံပါတယ်။ ဒါကတော့ အခန်း(၃)ကနေပြီးတော့ အခန်း(၃)၊ ပုဒ်မ ၆ (က) အဲဒီထဲ ကနေပြီးတော့မှ ဥပဒေ တစ်ရပ်ရပ်အရဖြစ်ဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်း(၃)ရပ်ကဖြစ်စေ အမိန့်ညွှန်ကြားချက်ဖြင့် လုံခြုံရေးအဆင့်အတန်း သတ်မှတ်ထားသော စာရင်းဇယား၊ ဓာတ်ပုံ၊ မှတ်တမ်း ရေးသားချက်များမှအပ အများပြည်သူ သိခွင့်ရှိသော သတင်းအချက်များကို အစိုးရဌာန အဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိသည် ဆိုတဲ့ထဲမှာ ဦးအုန်းတင် အဆိုပြုသွားတဲ့အတိုင်း ကျွန်မက အများပြည်သူ သိခွင့်ရှိသော သတင်းအချက်အလက်များကို အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းယူ

ကြည့်ရှုခွင့်ရှိသည် ဆိုတာကို ကျွန်မက ဒါကို ထောက်ခံကြောင်း အဆို တင်သွင်းချင်ပါတယ်။ ကျန်တာတွေကတော့ အားလုံးပဲ ကျွန်မလေ့လာလို့ရတဲ့ အချက်အလက်တွေအရ အားလုံးဟာ နိုင်ငံတကာနဲ့ တော်တော်လေး ဘောင်ဝင်နေတဲ့၊ ဥပဒေအားလုံးနဲ့ ဘောင်ဝင်နေတဲ့ အချက်အလက်တွေဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အားလုံးကို ထောက်ခံကြောင်း အဆိုပြုရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၂။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ့် အချက်ကတော့ သတင်းမီဒီယာဥပဒေကြမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၃)မှ ဦးဖုန်းမြင့်အောင် တင်သွင်းခဲ့တဲ့ သတင်းမီဒီယာ(မူကြမ်း) အခန်း(၃)၊ အပိုဒ်(၅)ပါ သတင်းမီဒီယာလုပ်ငန်း ထုတ်ဝေစာသည် စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်ဆိုတဲ့ အချက်ကို အဓိကထားပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီအချက်က ဘာဖြစ်လဲဆိုတော့ အမျိုးသားလုံခြုံရေးနဲ့ ဆိုရှယ်မီဒီယာ(၂)ခုက ချိတ်ဆက်နေတာကို အမျိုးသားလုံခြုံရေးအနေနဲ့ ဆိုရှယ်မီဒီယာကို ဘယ်လို ထိန်းသိမ်းသင့်တယ် ဆိုတာကို ကျွန်တော်အဓိက ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ (၁၄)နှစ်ကစပြီး ခေတ်သစ်ယဉ်ကျေးမှုအတွင်းမှာ ဆိုရှယ်မီဒီယာထိုးဖောက်လာခဲ့ပါတယ်။ ဆိုရှယ်မီဒီယာလောကသည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေပြီလားလို့ နိုင်ငံတိုင်းမှာ သံသယဖြစ်စရာတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ မီဒီယာလောက က အရှေ့မြန်ပြီး၊ အမျိုးသားလုံခြုံရေးက နောက်ကကျန်ခဲ့သလို ဖြစ်နေပါတယ်။ အင်တာနက် Software များကြောင့် မိနစ်ပိုင်းအတွင်းမှာ သတင်းပို့နိုင်သလို အခြားသူဆီကလည်း သတင်းလည်း ရနိုင်ပါတယ်။ သတင်းအတုအယောင် အမှားတွေလည်း ရနိုင်ပါတယ်။ မိုဘိုင်းဖုန်းတစ်လုံးရှိရင် အွန်လိုင်းပေါ်မှာ နေရာတစ်နေရာ ရရှိပါတယ်။ အဲဒီကနေပြီးတော့ Facebook ပေါ် တင်လိုက်လို့ရှိရင် ဆိုရှယ်မီဒီယာထဲရောက်ပြီး၊ လိုချင်တဲ့အချက်ကို ပြောနိုင်သလို လိုချင်တဲ့ သတင်းကိုလည်း ရယူနိုင်ပါတယ်။ ဒါကြောင့် အမျိုးသားလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ဒါစဉ်းစားလျှင် ဆိုရှယ်မီဒီယာကို ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဖြစ်အပျက်တစ်ခုကို တင်ပြရမယ်ဆိုလို့ရှိရင် ၁၉၁၁ ခုနှစ်က ဇူလိုင်လမှာ ဂျာမဏီနိုင်ငံ၊ ဟန်းဘတ်မြို့မှာ အသက်(၁၈)နှစ်အရွယ် အမျိုးသမီးတစ်ယောက်က သူ့မွေးနေ့ကို ကျင်းပမယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တို့ အင်တာနက် Facebook

ပေါ်မှာ တင်လိုက်ပါတယ်။ တင်လိုက်တော့ သူပြောတဲ့ ရက်မှာပဲ လူ(၁၅၀၀)လောက်က ဒီဟန်းဘတ်မြို့ကို ချီတက်လာကြတယ်။ လာတဲ့အထဲမှာ လူပျိုလည်းပါတယ်။ ပြီးတော့ တစ်ခုလပ် ပါတယ်။ မုဆိုးဖိုတွေပါတယ်။ မိသားစုတွေပါတယ်။ အဲဒီလို ပြဿနာကြောင့် ချက်ချင်းကို ခုနလိုပေါ့ သူချိန်းထားတဲ့ နာရီအတွင်းမှာ ရောက်လာတဲ့အခါကျတော့ ရက်အတွင်းမှာ ရောက်လာတဲ့အခါကျ တော့ အဲဒီမှာ ပြည်သူ့ရဲတွေဟာ ဘုမသိ၊ ဘမသိနဲ့ ဟာ လူအုပ်ကြီး၊ လူအုပ်ကြီးဆိုပြီးတော့ လာပြီးတဲ့ အခါကျမှ အဲဒီမှာ လူအုပ်နဲ့ ဒီကနေပြီးတော့ ပရိသတ်နဲ့ ရဲတွေက ရန်ဖြစ်ကြ၊ ရိုက်ကြ၊ ကားတွေ မီးရှို့ကြနဲ့ ပြဿနာတွေက ဖြစ်ခဲ့တဲ့အတွက်ကြောင့် ဂျာမဏီအစိုးရကနေပြီးတော့ Facebook ပေါ်မှာ လူစုလူဝေးနဲ့ မတင်ရ၊ Facebook တွေကို ပိတ်ဖို့တောင် စဉ်းစားခဲ့တဲ့ အနေအထားရှိပါတယ်။

နောက်တစ်ခုကတော့ ၁၉၃၁ ခုနှစ်မှာ ရွှေဘို ခရိုင်၊ မြေဒူးမှာ အခြားဘာသာဝင် တစ်ဦး ဖြစ်တဲ့ ဦးရွှေဖီ က မော်လဝီရုံးအမိန့်စာကို ထုတ်လိုက်ပါတယ်။ အဲဒီလို ထုတ်လိုက်တဲ့အခါမှာ အဲဒီစာကို ထုတ်လိုက်လို့ရှိရင် ဘာသာရေးပဋိပက္ခ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လူသိနည်းတဲ့အတွက် ဘာမှ မဖြစ်ပါဘူး။ အဲဒီတုန်းကတော့ နန်းရင်းဝန်က ဒေါက်တာဘမော် ဖြစ်ပါတယ်။ ဒေါက်တာဘမော် နဲ့ ပြိုင်ဘက်က ဦးစော။ ဦးစောကလည်း ဒေါက်တာဘမော် ပြုတ်ကျရေးအတွက်ကို အကွက်ရှာ ပြီးတော့ မဖြစ်ဖြစ်အောင် သူက လုပ်မယ်ဆိုပြီးတော့ သူက စီမံထားတာ။ အဲဒါနဲ့ ဘာဖြစ်လို့လဲဆိုတော့ ဒုတိယအကြိမ် အဲဒီ ခုနကလိုပေါ့၊ မော်လဝီရုံး အမိန့်ဆိုတဲ့ စာကို သူက သူ့ဒွေးမ မအေး နဲ့ ညှိပြီး ထောင်နဲ့၊ သောင်းနဲ့ချီပြီး ရိုက်ထားတယ်။ ဘယ်မှ မဖြန့်နဲ့၊ မထုတ်နဲ့ ငါပြောတဲ့အချိန်ကျမှ ဒါကို ငါဖြန့်မယ် ဆိုပြီးတော့ ပြောထားလိုက်ပါတယ်။ အဲဒီတော့ ပထမအကြိမ်ကတော့ ၁၉၃၂ ခုနှစ်ကတော့ ဘာမှလူတွေက သိပ်မသိလိုက်တော့ ဘာမှမဖြစ်ပါဘူး။

၁၉၃၇ ခုနှစ်ကျတော့ ဘာဖြစ်လဲဆိုတော့ ဦးစောကို ဂျပန်ကနေ ဖိတ်လိုက်တယ်။ ဖိတ်လိုက်တဲ့ အခါကျတော့ ဘာဖြစ်လဲဆိုတော့ အဲဒီမှာကျတော့ သူက သူ့တပည့်တွေကို သူပြောထားတယ်။ မင်းတို့ ငါဂျပန်ရောက်မှ ဒီစာအုပ်ကို ငါတို့အဖွဲ့သားတွေ၊ မျိုးချစ်အဖွဲ့တွေ တစ်ပြည်လုံး ဖြန့်ပါ ဆိုပြီးတော့သူက မှာထားခဲ့ပြီးတော့ ဂျပန်ပြည်သွားတယ်။ ဦးစော ဂျပန်ပြည်လည်း ရောက်ရော ဒီစာအုပ်ကို ဖြန့်လိုက်တာ အဲဒီမှာ ကျွန်တော်တို့ ရိုက်မှုတွေ၊ ပဋိပက္ခမှုတွေ၊ လူမျိုးရေးပဋိပက္ခတွေ ဖြစ်ပွားတဲ့အထိ ဖြစ်သွားတဲ့အခါမှာ ဟာ ဘယ်သူ့လက်ချက်လဲ။ မဟုတ်ဘူး။ ဒါ ဦးစော တပည့်တွေလုပ်တာဆိုတော့ ဟာအဲဒီမှာ တစ်ပြည်လုံးကို ရိုက်ပွဲတွေ ဖြစ်ကြတယ်။ အဲဒါနဲ့ ဗြိတိသျှ ဘုရင်ခံ ကနေပြီးတော့ ဟာ ဒါဆိုရင် ဦးစော ပြန်ခေါ်ရမယ်။ ဒါဆို ဦးစော မှ နိုင်မှာဆိုပြီး ဦးစော ပြန်ခေါ်၊ ပြန်ခေါ်ပြီးတော့ အဲဒီမှာ ဦးစောက ကျွန်တော် ခိုင်းတာမဟုတ်ဘူး။ ကျွန်တော် မလုပ်နိုင်ဘူး။ မရဘူး။ အဲဒါဆိုရင် မင်း ဘာလုပ်မလဲ။ ဟာ ဒါဆိုရင် နန်းရင်းဝန်ကြီး ဒေါက်တာဘမော် လွှဲပေး။ ကျွန်တော် ခိုင်းပေးမယ်။ အဲဒီတော့ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော် ပြောရမယ်ဆိုလို့ ရှိရင်တော့ သတင်းမီဒီယာများသည် အမျိုးသားလုံခြုံရေးအတွက် စောင့်ကြည့်ဖို့ လိုအပ်သလို ဘာသာရေး ပဋိပက⊞ခ ဖန်တီးရာမှာလည်း နိုင်ငံရေးကစားကွက်တစ်ခုအနေနဲ့ ဒါ သတိထားဖို့လိုအပ်ကြောင်း ဒါတင်ပြလိုပါတယ်။ နောက်ဆုံးတစ်ခု တင်ပြလိုတာကတော့ လူထုမီဒီယာဆိုတာ လူထုအတွင်း ပေါင်းကူးဝါဒတစ်ခုဖြစ်ပါတယ်။ မီဒီယာကောင်းရင် တိုင်းပြည်အတွက်ကောင်းသလို မီဒီယာက ဆိုးသတင်း လွှင့်ရင် တိုင်းပြည် သိပ်နစ်နာပါတယ်။ ဒါကြောင့် မီဒီယာလောကကို တိုင်းပြည်နဲ့

ကိုက်ညီတဲ့ မီဒီယာပုံစံသစ်တစ်ခု ဖော်ဆောင်ဖို့ သင့်ပါတယ်။ အမျိုးသားလုံခြုံမှုကို ထိခိုက်မယ့် သတင်းမီဒီယာ ဆိုရင်တော့ ဒါလက် မခံနိုင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ မီဒီယာအကြောင်းကို လေ့လာမယ်ဆိုရင် မီဒီယာ၊ ကျွန်တော် လက်လှမ်း မီသလောက် လေ့လာထားတာ မီဒီယာ(၅)မျိုး ရှိပါတယ်။ ပထမအချက်ကတော့ အထက်က အမိန့် ပေးပြီး လုပ်ခိုင်းတဲ့ သီအိုရီမီဒီယာ Authoritarian Theory Media, ဒါကတော့ အင်္ဂလန်မှာ သုံးပါတယ်။ အုပ်ချုပ်ရေးစနစ်မှာ အုပ်ချုပ်ရေးစနစ် ဘယ်လိုကောင်းမွန်ကြောင်း ဒါ ခုနကလို လုပ်ဆောင်ရမယ့် အချက်တွေကို သုံးတဲ့မီဒီယာ ဖြစ်ပါတယ်။ ဒုတိယအချက်က မီဒီယာကတော့ Communist Theory Media ဒါကတော့ တစ်ချိန်တုန်းက ကားမတ် တို့၊ အိန်ဂျယ် တို့ ဒါ ကွန်မြူနစ်ဝါဒ ကျင့်သုံးတဲ့ တိုင်းပြည်မှာသုံးတဲ့ မီဒီယာဖြစ်ပါတယ်။

နောက်တစ်ခုက Development Theory Media, ဒါက ခုနက Observation Theory ကို ပြောင်းပြီးတော့ ဒါ အစိုးရနဲ့ ကျွန်တော်တို့ အဖွဲ့အစည်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းနဲ့ Development အဖွဲ့အစည်းနဲ့ ပေါင်းစပ်ပြီးတော့လုပ်တဲ့ Theory ဖြစ်ပါတယ်။ Media ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက ဆင်းရဲနွမ်းပါးတဲ့ တိုင်းပြည်၊ မဖွံ့ဖြိုးသေးတဲ့ တိုင်းပြည်မှာ ဒါသုံးတဲ့ မီဒီယာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မီဒီယာ က Social Media ဖြစ်ပါတယ်။ ဒါက အမေရိကန်နိုင်ငံမှာ သုံးတယ်။ အမေရိကန် အဖွဲ့အစည်းတွေကို Social Media ထောင်ပြီးတော့ ဒါတွေ ခုနကလိုပဲ လုပ်တဲ့အတိုင်း ဖြစ်ပါတယ်။ နောက်ဆုံး တစ်ချက်ကတော့၊ ပဉ္စမအချက်ကတော့ လွတ်လပ်မှုသီအိုရီ (Libertarian Theory)၊ ဒါလူတစ်ဦး၊ ပုဂ္ဂိုလ်တစ်ဦးချင်းစီ ရထိုက်တဲ့ စာနယ်ဇင်း လွတ်လပ်ခွင့်ကို အကြွင်းမဲ့ ရပိုင်ခွင့် ဖြစ်သည်ဟူသည့် အချက်ကို ချဲ့ထွင်စဥ်းစားတဲ့ သီအိုရီ ဖြစ်ပါတယ်။ ဦးဖုန်းမြင့်အောင် တင်သွင်းသွားတဲ့ သီအိုရီ အနေနဲ့ ဆိုလို့ရှိရင်၊ ဥပဒေဆိုလို့ရှိရင် ဒါက အပိုဒ်(၅)မှာ၊ အခန်း(၃)၊ အပိုဒ်(၅)မှာ သတင်းမီဒီယာလုပ်ငန်း၏ ထုတ်ဝေစာသည် စိစစ်ခြင်းမှ ကင်းလွတ်ခွင့် ရှိသည်ဟု ထည့်သွင်းထားပါတယ်။ ဒါက ဘာလဲဆိုလို့ရှိရင် ခုနက ကျွန်တော်ပြောတဲ့ မီဒီယာ(၅)ခု ထဲမှာ Libertarian Theory Media ထဲမှာ ပါဝင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလုံခြုံရေးနှင့် Social Media သည် ကြောင်နှင့်ကြွက်လိုပါပဲ။ ကြောင်ကလည်း ကြွက်ကို ချောင်းသလို ကြွက်ကလည်း လစ်ရင်လစ်သလို ကိုက်တဲ့သဘောမျိုး ရှိပါတယ်။ ဒါကြောင့် Social Media ကိုတော့ အမြဲတမ်းစောင့်ကြည့်ဖို့ လိုအပ် ပါကြောင်း ဥက္ကဋ္ဌကြီးကို တင်ပြလိုပါတယ်။ နောက်ဆုံးအချက်အနေနဲ့ တင်ပြလိုတာကတော့ ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီကို ထူထောင်ရာမှာ မြန်မာ့ ယဥ်ကျေးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဘာသာရေးအရ စည်းလုံးညီညွတ်မှုကို အခြေခံတဲ့ မြန်မာ့မီဒီယာ ပုံစံသစ်တစ်ခုဖြစ်အောင်၊ ဖြစ်ဖို့အတွက် စောင့်ကြည့်တဲ့စနစ်၊ ဒါက ပြောလို့ရှိရင် Intersect ပေါ့၊ စိစစ်ရေးစနစ် (Check and Balance) စနစ် ထားသင့်သည့် ကမ္ဘာ့မီဒီယာပုံစံဖြစ်တဲ့ Libertarian လွတ်လပ်မှုသီအိုရီအစား မြန်မာ့ဒီမိုကရေစီနဲ့ ကိုက်ညီတဲ့ သီအိုရီ၊ မီဒီယာ၊ Social Media ကို ပုံစံသစ်နဲ့ တစ်ခုခုနှင့်သာ ဆောင်ရွက်သင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ လေးစားပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၃။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ တက်ရောက်လာသော ပညာရှင်ကြီးများနှင့်တကွ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးဖုန်းမြင့်အောင် တင်ပြတဲ့ သတင်းမီဒီယာ ဥပဒေ အခန်း(၁)၊ ပုဒ်မ၂(က) သတင်းမီဒီယာ ဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်း၊ ပျံ့နှံ့စေခြင်း စသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်/သံ၊ ကိန်းဂဏန်း၊ အချက်အလက်၊ ရုပ်ပုံဒီဇိုင်း စသည့် အသွင်သဏ္ဍာန်များ အသုံးပြု၍ ပုံနှိပ်မီဒီယာ၊ ရုပ်/သံမီဒီယာ၊ အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့် လုပ်ကိုင်တဲ့ လူမှုရေးနှင့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများကို ဆိုသည် ဆိုတဲ့အပိုဒ်ကို ကျွန်တော်တို့ အင်တာနက်မီဒီယာ ဆိုတာ ကျွန်တော် နည်းနည်းဆွေးနွေး စေချင်ပါတယ်။ အင်တာနက်မီဒီယာဟာ ဒီကနေ့၊ Facebook တို့ Twitter တို့မှာ သုံးနေကြတာဟာ ဒါအများကြီး အင်မတန်ကျယ်ပြန့်ပါတယ်။ အဲဒီတော့ ကျယ်ပြန့်တဲ့အခါမှာ ကျွန်တော်တို့ ဒါဟာ Editorial Process မပါ ပါဘူး။ ဒါကြောင့်မို့လို့ Editorial Process ပါတဲ့ဟာကိုပဲ ကျွန်တော်တို့က ဒီဥပဒေထဲမှာ ထည့်သွင်းသင့်ပါတယ်။

ဒီ Twitter တွေ၊ Facebook တွေကို သွားပြီးတော့ ဥပဒေပြဋ္ဌာန်းနေမယ်ဆိုရင် ဘယ်သူက လိုက်နာမှာလဲ။ ဒါဟာ သိပ်အဓိပ္ပာယ်မရှိဘူး။ ဒါကြောင့်မို့လို့ အင်တာနက် မီဒီယာ ဆိုတဲ့ ရှေ့မှာ ကျွန်တော်က Editorial Process ပါတဲ့ အယ်ဒီတာ လုပ်ဆောင်ချက်ပါဝင်သော အင်တာနက် မီဒီယာ လို့ ကျွန်တော်ဖြည့်ချင်ပါတယ်။ မဟုတ်ရင် ကျွန်တော်တို့ အဲဒီ Twitter တွေ၊ Facebook တွေကို သွားပြီးတော့ ဒီဥပဒေကြီးနဲ့ သွားပြီးတော့ ကိုင်တွယ်နေရင်တော့ သိပ်ပြီးတော့ မသင့်လျော်ဘူး၊ မဖြစ်နိုင်ဘူးလို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဒုတိယအချက်ကတော့ အဲဒီအပိုဒ်(၂)ပေါ့၊ အပိုဒ်(၂)(ည)ပေါ့၊ စာမျက်နှာ(၂)မှာ၊ (ည)မှာ အများပြည်သူ အကျိုးစီးပွား ဆိုတဲ့ Definition ကို ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။ အများပြည်သူ အကျိုးစီးပွား ဆိုသည်မှာတဲ့ အများပြည်သူ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်(၃)ရပ်တွင် အများပြည်သူ အကျိုးစီးပွားဖြစ်ထွန်းစေသည့် ကိစ္စရပ်များကို ဆိုလိုသည်လို့ ပါတယ်။ ဆိုတော့ ဒါဟာ မတိကျပါဘူး။ လုံးထွေးပြီးတော့ အကျယ်အပြန့်ကြီးလုပ်ထားတာဖြစ်တယ်။

အဲဒီတော့ ဒါကို ဒီမှာသွားပြီးတော့ အဲဒါ ဘာသွားထိနိုင် သလဲဆိုတော့ ပုဒ်မ ၈(က)မှာ အဲဒါကို သွားညွှန်းထားတယ်။ ဒါကြောင့်မို့လို့ ဒါကိုသူက Definition ကို တိတိကျကျပြန်သင့်တယ်။ အများပြည်သူ အကျိုးစီးပွား ဆိုတာဟာ ဥပမာ - ကျွန်တော် တင်ပြလိုတာက ဟုတ်လား၊ အကျင့်ပျက် ခြစားမှုကို စုံစမ်းချင်တာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စုံစမ်းချင်တာ စသည်ဖြင့် ဒီလိုမျိုး တိတိကျကျထည့်တာ ကောင်းတယ်။ အများပြည်သူအကျိုးအလို့ငှာဆိုရင် ပုဒ်မ ၈(က)မှာ ဘယ်လိုပါသလဲဆိုတော့ ဒီမှာ ဖော်ပြထားတယ်။ ပုဒ်မ ၈(က)မှာ အများပြည်သူအကျိုးအလို့ငှာ စုံစမ်းဖော်ထုတ်မယ်ဆိုလို့ရှိရင် သူက သူ့နာမည်ကို ပြောစရာမလိုဘူး။ ကျွန်တော့်ကို ဒီသတင်းပေး ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အများပြည်သူအကျိုးအတွက် လာမေးတာ၊ ခင်ဗျားဖြေရမယ်၊ ဒီဥပဒေအရ ခင်ဗျားဖြေရမယ်ဆိုရင် အဲဒီလိုမျိုး အကုန်လုံး လုံးထွေးပြီးတော့ လုပ်မယ်ဆိုရင်တော့ ဒါကြီးက မဖြစ်နိုင်ဘူး။ အဲဒါကြောင့် အများပြည်သူ အကျိုးစီးပွားဆိုတာကို သေသေချာချာ တိကျတဲ့ Definition ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

နောက် စာမျက်နှာ(၆)၊ ပုဒ်မ ၁၁ အင်မတန် အရေးကြီးပါတယ်။ အဲဒီမှာ ဘယ်လိုဖော်ပြထားသလဲ၊ ပုဒ်မ ၁၀ အရ ထူထောင်ခွင့် ရရှိသော သတင်းမီဒီယာသည် သက်ဆိုင်ရာလုပ်ငန်း အမျိုးအစားအလိုက် ဝန်ကြီးဌာန၏ မူပိုင်ခွင့်နှင့် မော်ကွန်းဌာနတွင် မှတ်တမ်းတင်စာရင်း ပေးသွင်း၍ ထိုသို့ ပေးသွင်းပြီးကြောင်း အထောက်အထား လက်မှတ်ရယူရမည် လို့ ပါပါတယ်။ ဆိုတော့ မူပိုင်ခွင့်နှင့် မော်ကွန်းဌာနဆိုတာ မရှိပါဘူး။ အခုရှိတာက မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲဆိုတာ ပြန်ကြားရေးဝန်ကြီးဌာနမှာ ရှိပါတယ်၊ ဆိုတော့ ဒီ မရှိတဲ့ဌာနကို ဖျက်ပြီးတော့မှ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲလို့ ပြောင်းသင့်တယ်။ ဒီ့အပြင် သူ့ရဲ့ ကျွန်တော် ခုန ပုဒ်မ ၁(က)မှာ ဖော်ပြထားတဲ့ မီဒီယာ ဆိုသည်မှာ သတင်းမီဒီယာ ဆိုသည်မှာ ဆိုတာ အများကြီး ဖော်ပြထားတယ်။ ဒီမှာ သတင်းမီဒီယာနဲ့ သက်ဆိုင်တဲ့ လုပ်ငန်း အမျိုးအစားအလိုက် အဲဒီမူပိုင်ခွင့်နဲ့ မှတ်ပုံတင်ဌာနခွဲမှာပဲ သွားပြီးတော့ မှတ်ပုံတင်ရမယ်ဆိုလို့ ရှိရင် Broadcasting နဲ့ Press က လုံးဝမတူပါဘူး။ သဘောသဘာဝ လုံးဝမတူပါဘူး။ ဆက်သွယ်ရေးမှာ သွားရမယ်၊ ရေဒီယိုလွှင့်မယ်၊ တီဗွီလွှင့်မယ်ဆိုရင် ဆက်သွယ်ရေး ဝန်ကြီးဌာန MHz တွေ ညှိရမယ်၊ Channel တွေ ထပ်မနေအောင် ညှိရမယ်။ ဒါတွေက ဒီမူပိုင်ခွင့်နဲ့ မှတ်ပုံတင်ဌာနကချည်းပဲ လုပ်လို့မရဘူး။ သူ့တစ်ယောက်တည်းနဲ့ လုပ်လို့မရဘူး။ သူက အများကြီး ကျယ်ပြန့်တယ်။ လုပ်ငန်းလိုင်စင်က၊ ဆက်သွယ်ရေးကလည်း channel မထပ်အောင် သူတို့မှာ ရှိတယ်။ MHz မထပ်အောင် ဥပမာ - ချယ်ရီ FM  က ဘယ် MHz က လွှင့်ရမယ်၊ ရန်ကုန် FM က ဘယ် MHz က လွှင့်ရမယ်၊ မန္တလေး FM သူတို့ ထပ်နေလို့ မဖြစ်ဘူး။ ထပ်နေရင် ဘယ်ဥပဒေနဲ့ ရှင်းမှာလဲ၊ အဲဒီလိုမျိုး လုပ်လို့မရဘူးဆိုတော့ ဒီဟာက သိပ်အရေးကြီးတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် ဘယ်လိုပြင်ချင်လဲဆိုတော့ ပုဒ်မ ၁၀ အရ ထူထောင်ခွင့်ရပြီးသော သတင်းမီဒီယာသည် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ရရှိရန် သက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် လုပ်ငန်းလိုင်စင် ရယူရမည်ဆိုပြီးရော၊ သူ့ဘာသူ ရေဒီယိုသမားက ရေဒီယိုသွားလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အသံလွှင့်ဥပဒေလည်း အခု ရေးဆွဲနေပြီ ဖြစ်ပါတယ်။ Broadcasting Law, Broadcasting Law က Broadcasting သမားနဲ့ သတ်သတ်သွားမှာ ဖြစ်တယ်။ လေထဲကို အသံတွေ ထုတ်လွှင့်လိုက်တဲ့ကိစ္စ ဒါတွေနဲ့ Press နဲ့က

ဘယ်လိုမှ သဘောသဘာဝချင်း မတူပါဘူး။ ဒါကို လုံးထွေးပြီးတော့ တစ်ယောက်တည်းကနေ မှတ်ပုံတင်ခွင့်ပြုတယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စ ဖြစ်ပါတယ်။

ဆက်ပြီးတော့ တင်ပြရမယ်ဆိုရင် အခန်း(၆)၊ ပုဒ်မ ၁၂ ပေါ့။ ကောင်စီသည် သတင်းမီဒီယာ သမားများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်၊ တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည် ဆိုတာ ကျွန်တော့်အနေနဲ့ ဘဝင်မကျပါဘူး။ ကောင်စီသည် သတင်းမီဒီယာသမားများ ဆိုတဲ့နေရာမှာ စာနယ်ဇင်းသမားများလို့ပဲ ဖော်ပြသင့်ပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ သူက၊ စာနယ်ဇင်းသမားက တီဗွီသမား၊ ရေဒီယိုသမားကို သွားပြီးတော့ ချုပ်ချင် တာလား။ အာဏာအားလုံးကို ဒီကောင်စီက ချုပ်ကိုင်ချင်တဲ့သဘော ဖြစ်တဲ့အတွက်ကြောင့် ဒါဟာ မသင့်လျော်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ Broadcasting Council ဆိုတာလည်း ပေါ်လာမှာ ဖြစ်တယ်။ ဆိုတော့ တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည် ဆိုတဲ့ဟာကိုက မဟုတ်သေးပါဘူး။ အာဏာအားလုံးကို သူတို့ အကုန်လုံး ယူမယ်ဆိုရင် ဒါကြီးကတော့ သိပ်မဖြစ်သင့်ဘူးလို့ ကျွန်တော် ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ စာနယ်ဇင်းကောင်စီဆိုတာ International မှာလည်း ethic ကိုပဲ ကျင့်ဝတ်ကိုသာ အဓိကချုပ်ကိုင်တဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ အပိုဒ် ၂(ခ) မှာ ဘယ်လိုဖော်ပြထားလဲဆိုတော့ ထုတ်လုပ်သူတွေရော၊ လုပ်ငန်းလုပ်သူတွေရော အကုန်လုံးကို စာနယ်ဇင်းကောင်စီက ချုပ်ကိုင်မယ့်သဘော ဖြစ်နေတယ်။ သူဟာ ကျင့်ဝတ်ကိုပဲ ထိန်းသိမ်း စောင့်ရှောက်တယ်၊ Professional ပါ။ သူတို့ဟာ စာနယ်ဇင်းကောင်စီသမားတွေက Professional ဆိုရင် သူကျင့်ဝတ်ကိုပဲ သေချာထိန်းသိမ်းမယ်။ အဲဒီ Complain တွေကို သူတို့ ဖြေရှင်းပေးမယ်။ ဒီလိုမျိုးပဲ လုပ်သင့်ပါတယ်။ အဲဒီ ထုတ်လုပ်သူတွေရော၊ ပုံနှိပ် (Press) သမားတွေရော၊ ရေဒီယိုလွှင့်တဲ့ လူတွေရော၊ တီဗွီလွှင့်တဲ့လူတွေရော ဒါတွေရော အကုန်လုံးကို ချုပ်ကိုင်မယ်ဆိုရင် မဖြစ်နိုင်ပါဘူး။ ဒါ အင်မတန် ကျယ်ပြန့်တဲ့ကိစ္စ ဖြစ်ပါတယ်။

နောက်တစ်ခု ကျွန်တော် ဆွေးနွေးလိုတာကတော့ စာမျက်နှာ(၈)၊ အခန်း(၇)၊ အခန်း(၈) ပေါ့၊ အခန်း(၈) မှာဆိုရင် ပုဒ်မ ၂၁ နစ်နာသော ဌာနအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမား တစ်ဦးက ပုဒ်မ ၈ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းထားသော တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ယူဆလျှင် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြား ရမည် ဆိုတဲ့နေရာမှာ သူတို့ ညွှန်းထားတဲ့ ပုဒ်မ ၈ အပိုဒ်(က)ဆိုတာ သူ ညွှန်းတာ မှားနေတယ်လို့ ကျွန်တော် ထင်ပါတယ်။ ညွှန်းတာကို သေချာပြန်ပြီးတော့ စဉ်းစားပြီးတော့ ပြန်ထည့်သင့်တယ်လို့ ကျွန်တော် ဆွေးနွေးလို ပါတယ်။ ဒို့အပြင် ရှေးဦးစွာ ကောင်စီသို့ တိုင်ရမည် ဆိုပြီးတော့ ဘာဖြစ်လို့ ထည့်မှာလဲ။ ဒါက Must Do၊ သူက ချုပ်ထားသလိုဖြစ်နေတယ်။ သူက တိုင်ချင်ရာတိုင်မှာပေါ့။ နစ်နာတဲ့သူက ရဲကိုလည်း တိုင်ချင်တိုင်မယ်။ တရားရုံးမှာ သူနစ်နာတဲ့ဟာ ကျွန်တော် သိပ်ခံနေရပြီ ဆိုပြီး ကောင်စီကိုတိုင်၊ ရဲကိုတိုင်၊ ဥပမာ - ပါးရိုက်ခံရတဲ့ မီဒီယာသမား တစ်ယောက်ရှိတယ်။ ရုပ်ရှင်မင်းသမီးတစ်ယောက်က ရိုက်လို့ ကောင်စီကို တိုင်ချင်မှတိုင်မယ်၊ ရဲတိုင်ချင်တိုင်မယ်လေ။ သူက သူ တိုင်ချင်တဲ့နေရာကို တိုင်ခွင့်ရှိတယ်။ ဘာဖြစ်လို့ သူ့ကိုသွား ချုပ်ကိုင်မှာလဲ၊ ဒါကို ကျွန်တော် ဘဝင်မကျပါဘူး။ ဒါကို ပြင်ဆင်သင့်ပါတယ်။

ဒါကြောင့်မို့လို့ ရှေးဦးစွာကောင်စီသို့ တိုင်ကြားရမည်ဆိုတာကို ရမည်ဆိုပြီးတော့ Must Do ကြီးကို ကောင်စီသို့ တိုင်ကြားနိုင်သည်။ Should Do ပဲ ကောင်းပါတယ်လို့ ဆွေးနွေးလိုပါတယ်။ နောက် ပုဒ်မ ၂၅ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ထောင်ထားသော သတင်းမီဒီယာလုပ်ငန်း အားလုံးရှိတယ်။ သတင်းမီဒီယာသမားတို့၏ တာဝန်၊ ကျင့်ဝတ်၊ သိက္ခာဖောက်ဖျက်မှုနှင့် တားမြစ်ချက်များ ချိုးဖောက်သည့် ဥပဒေကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရသာ အရေးယူရမည်လို့ ပါတယ်။ ဆိုတော့ ဒီဥပဒေပါ ပြဋ္ဌာန်းချက်များအရသာဆိုရင် သူက ခုန ပုဒ်မ ၁(က)မှာ ဖော်ပြထားတာက သတင်းမီဒီယာဆိုသည်မှာဆိုတာ အကုန်ပါတယ်။ Broadcasting ရော၊ Press ရော၊ ခုန Internet ရော အကုန် ပါနေတဲ့အခါကျတော့ ဒီဥပဒေနဲ့ပဲ ပြဋ္ဌာန်းရမယ်ဆိုရင် ကျွန်တော်တို့ မနေ့တစ်နေ့ကမှ ပြဋ္ဌာန်းလိုက်တဲ့ ပုံနှိပ်ခြင်းဥပဒေက Workshop ဖြစ်သွားပြီ။ ကျွန်တော်တို့ ပယ်လိုက်ရတော့မလား။ အဲဒါဆိုရင် ပုံနှိပ်ခြင်းဥပဒေကို ပယ်ဖျက်သင့်ကြောင်း အဆို တင်ဖို့ လိုဦးမယ်။ မနေ့တစ်နေ့ကပဲ ပြဋ္ဌာန်းပြီးပြီ။ အဲဒီတော့ Press ကောင်စီက ဒါတွေကို အကုန်လုံး ချုပ်ကိုင်ချင်တဲ့ သဘောဖြစ်တယ်။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရသာဆိုရင် မနေ့က ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်တဲ့ ပုံနှိပ်ထုတ်ဝေခွင့် ဥပဒေကြီးက အလိုလိုနေရင်း ပယ်ဖျက်ပြီးသား ဖြစ်သွားလိမ့်မယ်။ ဒါကြီးကတော့ မသင့်လျော်ပါဘူး။

နောက် ပုဒ်မ ၂၇၊ မည်သည့်သတင်း မီဒီယာလုပ်ငန်း လုပ်ကိုင်သူ မဆို သတင်းမီဒီယာ လုပ်ငန်း လုပ်ကိုင်ခွင့်မရှိဘဲ စသည်ဖြင့်ပေါ့လေ အဲဒီလို ရေးပါတယ်။ သတင်းမီဒီယာ ဆိုတာ လုပ်ငန်းဥပဒေဖြစ်တဲ့ ပုံနှိပ်ဥပဒေမှာ ဒီမှာ ဘယ်လို ပါလဲဆိုတော့ (၂၆)ပေါ့နော် ငွေဒဏ်အနည်းဆုံး (၃)သိန်းမှ အများဆုံး (၁၀)သိန်းအထိ ချမှတ်ရမည် ဆိုပြီးတော့ သတင်းမီဒီယာသမားမဆို ပုဒ်မခွဲ ၉(ဃ)(စ)(ဆ)တို့ကို ကျင့်ဝတ္တရားကို ဖောက်ဖျက်ရင် ဒဏ်ငွေ(၃)သိန်း မှ (၁၀)သိန်းအထိ ချမှတ်ရမည် ဆိုပြီးတော့ ပါတဲ့အခါကျတော့ ကျွန်တော်တို့ ဟိုနေ့က သတ်မှတ်လိုက်တာက ပုံနှိပ်မှာ ပုံနှိပ်ဥပဒေကို ချိုးဖောက်ရင် သိန်း (၃၀)မှ သိန်း (၅၀) ဆိုပြီးတော့ ပြဋ္ဌာန်းပြီးပြီ။ ပြီးခဲ့တဲ့ တနင်္လာ၊ အင်္ဂါတုန်းကဆိုတော့ ဒီနေ့မှာကျတော့ မီဒီယာဆိုတာ ပုံနှိပ်လည်း ပါသွားတာကို သူက၊ ပုံနှိပ်ရော အကုန်လုံး ပါတယ်လို့ ပြောတာကို အပိုဒ်၁ (က)မှာဆိုတော့ ခုနကလို သိန်း(၃၀)တွေ သိန်း(၅၀)တွေ မဟုတ်တော့ဘူး။ (၃)သိန်းနဲ့(၁၀)သိန်းပဲ ချမှတ်ရမယ်ဆိုတဲ့ ပုံစံကြီး ဖြစ်နေတယ်ဆိုတော့ ဒါကြီးက ရှုပ်ထွေးနေပါတယ်။ ပုံနှိပ်ဥပဒေနဲ့ရော ဒါနဲ့ရော ရှုပ်ထွေးနေပါတယ်။ ဒါကြောင့်မို့လို့ ဒါက မသင့်လျော်ဘူး။ ဒီအပိုဒ်ကို ဖြုတ်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးချင်ပါတယ်။

ဆက်လက်ပြီး ဆွေးနွေးမှာက ပုဒ်မ ၃၅၊ ပုဒ်မ ၃၅ မှာဆိုရင် ကျွန်တော်တို့က ပုဒ်မ ၃၅ (ခ)ပေါ့။ အဆိုပါ သတ်မှတ်ထားသော သက်တမ်းကုန်ဆုံးပြီး ဆက်လက်၍ လုပ်ငန်းလုပ်ကိုင်လိုပါက ဆိုပြီးတော့ အဲဒီမှာ ပါ ပါတယ်။ မူပိုင်ခွင့်နှင့် မော်ကွန်းဌာနဆိုပြီးတော့ ဖော်ပြထားပါတယ်။ အဲဒီဌာနက ဘယ်မှာမှ မရှိပါဘူး။ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲလို့ ပြုပြင်ရမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၃၅။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ပြည်သူလူထုတွေက ပုဒ်မ၂၇ ကို ဆွေးနွေးပေးပါလို့ မနေ့က တောင်းဆိုတဲ့ အတွက်ကြောင့် နာမည်စာရင်း မပေးထားသော်လည်း ဆွေးနွေးခွင့်ပြုပါရန် တင်ပြပါတယ်။ ကျွန်တော်တို့ နယ်တွေမှာဖြစ်တဲ့ အခက်အခဲတွေမှာ ပုဒ်မ ၂၇ မှာ မည်သည့်သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်သူမဆို သတင်းမီဒီယာ လုပ်ငန်းလုပ်ကိုင်ခွင့် မရှိဘဲ ယင်းလုပ်ငန်း လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဒဏ်ငွေ အနည်းဆုံး ကျပ်(၅)သိန်းမှ အများဆုံး ကျပ်(၁၀)သိန်းအထိ ချမှတ်ရမည်ဆိုတဲ့ ပုဒ်မကို ပယ်ဖျက်ပေးဖို့ သူတို့ တောင်းဆိုပါတယ်။ အခက်အခဲကတော့ ကျွန်တော်တို့ နယ်တွေမှာ ဘယ် သတင်းမီဒီယာပုံနှိပ် သတင်းမီဒီယာမှ မရောက်ပါဘူး။ မရောက်တဲ့ အချိန်ကျတော့ ကျွန်တော်တို့ အဲဒီမှာရှိတဲ့ စေတနာရှင်တွေက ဒီပြည်သူလူထုတွေကို သတင်းအမှောင်ထုထဲကနေ လွတ်မြောက်စေချင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ မျိုးနွယ်စုဘာသာစကားတွေနဲ့ သူတို့ဟာသူတို့ သတင်းတွေ စုဆောင်းပြီးတော့ အမြုတ်အစွန်းနဲ့ မဟုတ်ဘဲနဲ့ ဖြန့်ဝေတဲ့ သတင်း လေးတွေ ရှိပါတယ်။ ရွာတွေမှာ လိုက်ပို့၊ ပို့ပြီးတော့ မြို့တွေမှာ ဖြန့်တဲ့ သတင်းလေးတွေရှိပါတယ်။ ဒီပုဒ်မအရဆိုရင် အဲဒီလိုမျိုးလုပ်ခွင့်ရတော့မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ အမြုတ်နဲ့ ထုထောင်ရတဲ့ သတင်းမီဒီယာ လုပ်ဖို့ဆိုရင်လည်း ဈေးကွက်က အလွန်ကျဉ်းမြောင်းတဲ့ အတွက်ကြောင့် အလုပ်ကတော့ အဆင်မပြေနိုင်ဘူး။

အဲဒါကြောင့် သူတို့ကတော့ ဒီလိုမျိုး နယ်မှာရှိတဲ့ ဒီ ပြည်သူလူထုတွေ၊ မြို့တွေကနေ ထုတ်ဝေတဲ့ သတင်းမီဒီယာတွေ မရောက်နိုင်တဲ့ နယ်တွေမှာ ဒီ စေတနာရှင်တွေက လုပ်ပေးတဲ့ သတင်းမီဒီယာတွေကို ဆက်လက်လုပ်ကိုင်ခွင့် သူတို့ ရနိုင်အောင် ဒီပုဒ်မကို ပယ်ဖျက်ပေးပါရန် တင်ပြပါတယ်။ အဲဒါကြောင့် ဒီ ပုဒ်မ ၂၇ ကို ပယ်ဖျက်ပေးဖို့အား တင်ပြဆွေးနွေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၅)ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ကြားနာညှိနှိုင်း ဆောင်ရွက်ကာ လွှတ်တော်သို့ တင်ပြဖို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အခု သတင်းမီဒီယာကြမ်းနဲ့ ပတ်သက်ပြီးတော့မှ ဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အစည်းအဝေးပြီးတဲ့အချိန်မှာ (အိုင်.၁၆) ဥပဒေကြမ်းကော်မတီကို သွားပြီးတော့မှ ဆွေးနွေးပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ။

[အစည်းအဝေးကို (၁၁:၃၇) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၂:၀၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂:၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာအထူး စီးပွားရေးဇုန် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၂:၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာအထူး စီးပွားရေးဇုန် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ဖို့ ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၀။**

**ဗိုလ်မှူးကြီးမောင်မောင်ထူး (တပ်မတော်သားကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင်)** ။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၈၉၇၇ ဗိုလ်မှူးကြီးမောင်မောင်ထူး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာ အထူးစီးပွားရေးဇုန် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို ၁၀-၇-၂၀၁၃ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်မှာ ဆွေးနွေးဖို့အတွက် ပေးပို့ လာပါတယ်။ ဒီ ဥပဒေကြမ်းကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ၂၉-၇-၂၀၁၃ ရက်နေ့နဲ့ ၂၂-၈-၂၀၁၃ ရက်နေ့တို့မှာ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ်များနဲ့ တွေ့ဆုံပြီးတော့ကာ

ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဆွေးနွေးတဲ့ အခါမှာ ဥပဒေကြမ်း ရဲ့ ရည်ရွယ်ချက်နဲ့ ကိုက်ညီဖို့အတွက် ဥပဒေကြမ်းမှာပါတဲ့ ဥပဒေပုဒ်မ (၈)ခုနဲ့ ကျွန်တော်တို့ကျန်တဲ့ ဥပဒေပုဒ်မ (၈)ခု မှာပါတဲ့ စာသား များကို မြန်မာစာ ရေးထုံးအရေးအသား ပိုမိုရှင်းလင်းဖို့နဲ့ နောက်မလိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် တွေကို ကျွန်တော်တို့ ဖျက်ပြီးတော့မှ ဆက်စပ်မှုရှိစေရန် ပုဒ်မအမှတ်စဉ်များ ပြောင်းလဲတပ်ဆင်မှု များဖြင့် ဥပဒေကြမ်းရဲ့ အခန်းခေါင်းစဉ်နဲ့ လျော်ညီစေရန် အခန်း(၅)ခန်း ပြောင်းလဲရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေ့လာတွေ့ရှိချက်များကို ကျွန်တော် အသေးစိတ်တင်ပြပါ့မယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းရဲ့ ပုဒ်မ ၅ နဲ့ ပုဒ်မ ၆ တို့မှာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အတည်ပြု ချက်ရယူပြီး အထူးစီးပွားရေးဇုန် တည်ထောင်နိုင်သည်ဟု ဖော်ပြထားပါသဖြင့် ပုဒ်မ ၂ ကို မူလ ဖော်ပြချက်အစား ဤဥပဒေသည် ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့အရ တည်ထောင်သော အထူး စီးပွားရေးဇုန် အားလုံးနှင့် သက်ဆိုင်စေရမည် ဟု ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါတယ်။ ဥပဒေကြမ်း ရဲ့ ပုဒ်မ ၃၊ ပုဒ်မခွဲ(စ)ရဲ့နောက်မှာ ပုဒ်မ ၃၊ ပုဒ်မခွဲ(တ)နှင့် ပုဒ်မခွဲ(ထ)တို့ကို ဆက်စပ်မှုနဲ့ စီစဉ် ကျနမှုရှိစေရန်အတွက် ပြောင်းလဲဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် ပုဒ်မ ၃၊ ပုဒ်မခွဲ(န)မှာ နှောင်းစာရင်းစစ်ဆေးခြင်းဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖော်ပြထားပါတယ်။ ဒါကတော့ ကျွန်တော်တို့ အကောက်ခွန် အသုံးအနှုန်းဖြစ်ပြီးတဲ့အခါကျမှ ဒီ ဥပဒေကြမ်းမှာ ပုဒ်မ ၆၄ တစ်ခုထဲ မှာ ဒီနှောင်း စာရင်းစစ်ဆေးခြင်းဆိုတဲ့ စာလုံးကို ကျွန်တော်တို့ သုံးနှုန်းထားတဲ့အတွက် ဒီ ပုဒ်မ ၆၄ မှာပဲ ဒီ နှောင်းစာရင်းစစ်ဆေးခြင်းဆိုတဲ့ အကောက်ခွန်အသုံးအနှုန်းရဲ့ အဓိပ္ပာယ်ဖော်ပြချက်ကို တစ်ပါတည်း ဖော်ပြလိုက်ခြင်းဟာ ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရတဲ့အတွက် ပုဒ်မ ၆၄ သို့ ပြောင်းလဲပြီးတော့မှ ဖြည့်စွက်ပြင်ဆင်ဖော်ပြပြီး၊ ပုဒ်မ ၆၅ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုပြီးတော့မှ ဥပဒေကြမ်း ပုဒ်မ ၄ နဲ့ ပုဒ်မခွဲ(ဃ)တို့မှာ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများအကြားဟူသည့် ဖော်ပြချက်အစား နိုင်ငံတော်နှင့် အခြားနိုင်ငံများ အကြား ဟု ပြင်ဆင်ရန်သင့်မြတ်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ပုဒ်မ ၇ တွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီနှင့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားကုမ္ပဏီဟူသည့် ဖော်ပြချက်တို့တွင် တိတိ ကျကျဖော်ပြရန်သာ လိုအပ်ပါသဖြင့် နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် နိုင်ငံသားကုမ္ပဏီဆိုသည့် စာသားတို့အား ပယ်ဖျက်ပြီး နိုင်ငံခြားသားနှင့် နိုင်ငံသားဟူ၍ ဖော်ပြပြီး ပုဒ်မ ၁၅ အဖြစ် ပြောင်းလဲ အမှတ်စဉ်သင့်ကြောင်း တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၁၅ တွင် ဖော်ပြသည့် ကင်းလွတ်ဇုန်ရှိ လုပ်ငန်းများက ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်နိုင်ရေး အတွက် တစ်ပိုင်းတစ်စ ကုန်ချောများ သို့မဟုတ် အစိတ်အပိုင်းများ၊ အပိုပစ္စည်းများ ထုတ်လုပ်သည့် အထောက်အကူပြုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများ မဟုတ်သော်လည်း ပြည်ပပို့ကုန်အား ဦးတည်သည့် လုပ်ငန်းများလည်း ကင်းလွတ်ဇုန်၌ တည်ရှိနိုင်သည်ဟူသော ဖော်ပြချက်ကို အရေး အသား ပိုမိုရှင်းလင်းစေရန် ပြည်ပပို့ကုန်အား ဦးတည်သည့်လုပ်ငန်းများ မဟုတ်သော်လည်း ကင်းလွတ်ဇုန်ရှိ လုပ်ငန်းများက ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် တစ်ပိုင်းတစ်စ ကုန်ချောများ သို့မဟုတ် အစိတ်အပိုင်းများ၊ အပိုပစ္စည်းများ ထုတ်လုပ်သည့် အထောက်အကူပြုလုပ်ငန်းနှင့်

ကုန်ထုတ်လုပ်ငန်းများလည်း ကင်းလွတ်ဖို့န်၌ တည်ရှိနိုင်သည်ဟု ပြင်ဆင်၍ ပုဒ်မ ၂၃ အဖြစ် ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း တွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအဖွဲ့ ဖွဲ့စည်းခြင်း ပုဒ်မ ၂၁ မှာလည်း သင့်တော်သော ပုဂ္ဂိုလ်တစ်ဦးဦးကို ဥက္ကဋ္ဌ အဖြစ်လည်းကောင်းဟု ဖော်ပြမည့်အစား သင့်လျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်ဟု ဖော်ပြသည်မှာ ပိုမိုသင့်လျော်ပါသဖြင့် ပြင်ဆင်ပြီး ပုဒ်မ ၅ အဖြစ် ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း တွေ့ရှိရပါတယ်။ ပုဒ်မ ၂၂ မှာလည်း ဖော်ပြထားတဲ့ ပုဒ်မခွဲများအနက် ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အား အထူးစီးပွားရေးဇုန် တည်ထောင်ခြင်း အခန်းတွင် ပုဒ်မ ၁၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ဖော်ပြသင့်ပါတယ်။

ဗဟိုအဖွဲ့သည် (က) ရင်းနှီးတည်ဆောက်သူကို တင်ဒါခေါ်၍ အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်နိုင်သည်၊ (ခ) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးတည်ဆောက်သူကို အခြားနည်းဖြင့် ရွေးချယ်မည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားများအား အကျိုးရှိစေနိုင်မှု၊ စီမံကိန်းကို လျင်မြန်စွာအကောင် အထည်ဖော်နိုင်မှုနှင့် အများပြည်သူ ပါဝင်နိုင်ပြီး ပွင့်လင်းမြင်သာမှုတို့ကို ထည့်သွင်းစဥ်းစားလျက် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူအား ဦးစားပေးရွေးချယ် နိုင်သည်လို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က) နှင့် (ခ)တို့အား ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အဖြစ် ပြောင်းလဲပြင်ဆင်ဖော်ပြပြီး ဖြစ်ပါသဖြင့် ကျန်ရှိတဲ့ ပုဒ်မခွဲများကို ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များအဖြစ် ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ အခန်းတွင် ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်ဟူသော ခြေဆင်းစာသားထည့်၍ ပုဒ်မ ၆ အဖြစ် ပြင်ဆင်ဖော်ပြသင့်ကြောင်း တွေ့ရှိရပါသည်။

ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း သွင်းကုန်ဆိုင်ရာ အခွန်အခ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် ပုဒ်မ ၄၃၊ ပုဒ်မခွဲ(က)၌ ဖော်ပြထားချက်များတွင် လုပ်ငန်းသုံး မော်တော်ယာဥ်များ ပါဝင်စေနိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ စာသား၏ရှေ့တွင် လုပ်ငန်းသုံး မော်တော်ယာဥ်များဟု ဖြည့်စွက်ဖော်ပြ၍ ပုဒ်မ ၄၄ အဖြစ် ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း တွေ့ရှိရပါသည်။ ဒါ့အပြင် ပုဒ်မ ၉၄၊ ပုဒ်မခွဲ(က) တွင် ဖော်ပြထားချက်များကို ယခင် ပြဋ္ဌာန်းထားခဲ့သော ဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် မူလဖော်ပြချက်အစား တာဝန်ခံ ပြည်ထောင်စုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဥ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပြီး ပုဒ်မ ၉၅၊ ပုဒ်မခွဲ(က) အဖြစ် ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း တွေ့ရှိရပါသည်။

ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း၏ အခန်းခေါင်းစဥ်များကို ဆီလျော်မှုရှိစေရန် အခန်း(၃)ကို အခန်း(၆)အဖြစ်၊ အခန်း(၄)ကို အခန်း(၇)အဖြစ်၊ အခန်း(၅)ကို အခန်း(၃) အဖြစ်၊ အခန်း(၆)ကို အခန်း(၄)အဖြစ်၊ အခန်း(၇)ကို အခန်း(၅)အဖြစ် ပြင်ဆင်ထားပါသဖြင့် ပြောင်းလဲသွားသော အခန်း၊ ပုဒ်မ၊ ပုဒ်မခွဲများကို ဥပဒေပြဋ္ဌာန်းရာတွင် ပြောင်းလဲထည့်သွင်းဖော်ပြသွားရမည်ဖြစ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

ဥပဒေကြမ်းကော်မတီသည် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ ဤဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၉-၈-၂၀၁၃ ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီ နောက်ဆုံးထား၍ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ၏ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ သွားရောက်လှူဒါန်းခြင်း ခရီးစဉ်အစီရင်ခံစာ(၁/၂၀၁၃)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အစီအစဉ်(၁၂)က အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီရဲ့ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ် အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် အလှူငွေ နှင့်ပစ္စည်းများ သွားရောက် လှူဒါန်းခြင်း အစီရင်ခံစာ (၁/၂၀၁၃)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း ဖြစ်ပါတယ်။

ဖတ်ကြားတင်သွင်းခြင်းမပြုမီ အကြောင်းအရာချင်း ဆက်စပ်တဲ့ ကိစ္စတစ်ခုကို တင်ပြလိုပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ တင်ပြချက်ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုကြောင့် ဖလမ်းမြို့အောက်နားမှာရှိတဲ့ အိမ်ခြေ(၉၀)ခန့်ရှိတဲ့ ဇာလိုင်ရွာဟာ မြေပြိုပြီး အိမ်(၅)လုံးခန့် မြေကြီးထဲသို့ လုံးလုံးမြုပ်သွားပါတယ်။ တစ်ရွာလုံးမှာလည်း မြေအက်ကွဲကြောင်းများရှိသဖြင့် မည်သူမျှမနေရဲဘဲ ဘေးရွာများမှာလည်းကောင်း၊ ဖလမ်းမြို့ပေါ်တွင်လည်းကောင်း ထွက်ပြေးတိမ်းရှောင်ကြပြီး နေရာအခက်အခဲများနဲ့ ဒုက္ခရောက်နေကြပါတယ်။ ဒီလိုသဘာဝဘေးအန္တရာယ် ကျရောက်မှုအပေါ် အမျိုးသားလွှတ်တော် သဘာဝဘေး အန္တရာယ် ကယ်ဆယ်ရေးနဲ့ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီကလည်း ကူညီပေးဖို့ တင်ပြထားတာရှိပါတယ်။ ယခုကော်မတီ ကိုယ်စား လွှတ်တော်ကို ဖတ်ကြားတင်သွင်းဖို့ စင်မြင့်ပေါ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၂၁။**

**ဗိုလ်မှူးမြင့်စိန် (တပ်မတော်သားကိုယ်စားလှယ်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဝင်)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကြွရောက်လာကြသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနဲ့ ဒုက္ခသည်များ ကူညီ စောင့်ရှောက်ရေး ကော်မတီရဲ့ကိုယ်စား ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ ရေဘေးသင့် ပြည်သူတွေကို အလှူငွေနဲ့ ပစ္စည်းများ သွားရောက်လှူဒါန်းခြင်း ခရီးစဉ်အစီရင်ခံစာကို ကျွန်တော် ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနဲ့ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဟာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်အရ ကျွန်တော်တို့ အမျိုးသားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ခေါင်းဆောင်ပြီးတော့ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ရေလွှမ်းမိုးခြင်းဒဏ်ခံနေရတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများကို အလှူငွေနဲ့ ပစ္စည်းများ လှူဒါန်းကူညီဖို့အတွက် ရန်ကုန်မြို့ကနေ ၁၁-၈-၂၀၁၃၊ တနင်္ဂနွေနေ့မှာ ကျွန်တော်တို့ စတင်ထွက်ခွာခဲ့ကြပါတယ်။ ဒီခရီးစဉ်မှာတော့ လိုက်ပါလာသူတွေကတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြီးရင် ကယ်ဆယ်ရေးနဲ့ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ နဲ့ အဖွဲ့ဝင်(၁၁)ဦး၊ နောက် ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသူရိန်ဇော် ရယ်၊ ကျွန်တော်တို့ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင် တို့ လိုက်ပါလာကြပါတယ်ခင်ဗျား။ ၁၁-၈-၂၀၁၃ ရက်နေ့၊ တနင်္ဂနွေနေ့ နံနက်(၈)နာရီမှာ ကျွန်တော်တို့ ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ဇေကမ္ဘာကုမ္ပဏီ ရုံးကနေပြီးတော့ မော်တော်ယာဉ်(၉)ဦးနဲ့ ခရီးစဉ်ကို စတင်ထွက်ခွာခဲ့ကြပါတယ်။ ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီကိုတော့ ကျွန်တော်တို့ (၁၁)နာရီနဲ့ (၄၀)မှာ ရောက်ရှိပြီးတော့ ကျိုက်ထီးဆောင်း ဆရာတော်ကျောင်းမှာ နေ့လယ်စာ စားသုံးကြပါတယ်။ နေ့လယ်စာ စားသုံးပြီးတာနဲ့ ကျွန်တော် တို့တွေ (၁၂)နာရီ (၁၀)မိနစ်မှာတော့ ဆရာတော်ကြီးကို ဖူးမြော်ရပြီးတော့ ကျွန်တော်တို့ မွန်ပြည်နယ် အတွင်းမှာရှိတဲ့ ရေဘေးဒဏ်ကြောင့် ပျက်စီးသွားတဲ့ သာသနိကအဆောက်အအုံတွေကို ပြုပြင်ရေး လုပ်ငန်းမှာ ဆောင်ရွက်ဖို့အတွက် ဝတ္ထုငွေကျပ်သိန်း(၃၀၀)ကို အမျိုးသားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌက ဦးမြညိမ်း ကနေပြီးတော့ ကျွန်တော်တို့ ကယ်ဆယ်ရေးနဲ့ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ ကိုယ်စား ဆရာတော်ကြီးထံကို ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

ဆက်လက်ပြီးတော့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ်ဦးခိုင်အောင် ကလည်း ကော်မတီကိုယ်စား ဒီဇယ်ဆီ(၂၈၀၀)ဂါလံကို ဆက်ကပ်လှူဒါန်းခဲ့ပါ တယ်။ ကော်မတီအဖွဲ့ဝင် ဦးကျားမောင် ကတော့ ခရီးစဉ်မှာ လိုက်ပါလာကြတဲ့ (၇)ရက်သားသမီး များရဲ့ စုပေါင်းလှူဒါန်းတဲ့ အလှူငွေကို ဆရာတော်ကြီးထံ ကျွန်တော်တို့ ဆက်ကပ်လှူဒါန်းခဲ့ပါတယ် ခင်ဗျား။ အဲဒီဟာ ပြီးတဲ့အခါမှာ ကျိုက်ထီးဆောင်းဆရာတော်ကြီးနဲ့ အတူ၊ ဆရာတော်ကြီးကလည်း ကျွန်တော်တို့ လှူဒါန်းမှု အစုစုအတွက် တရားဓမ္မချီးမြှင့်ပြီးတော့ ဆရာတော်ကြီးနဲ့ အတူတူ ကျွန်တော် တို့ ကေလာသတောင်ကို မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ကေလာသ

တောင်ဘုရားကို ကျွန်တော်တို့ ဖူးမြော်ပြီးတဲ့အခါမှာ ဆရာတော်ကြီးက ဒီကေလာသတောင်နဲ့ ပတ်သက်တဲ့ သမိုင်းကြောင်းရာဇဝင်တွေ ပြောပြပြီးတော့ အမျှပေးဝေ သာခုခေါ်ခဲ့ကြပါတယ်။ အဲဒီ ကနေမှ ကျွန်တော်တို့ မြသပိတ်တောင်ကို ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ မြသပိတ်တောင်မှာ တော့ ထူးခြားမှုအနေနဲ့ မြတ်စွာဘုရားရဲ့ ပထမဦးဆုံး ခြေတော်ရာလို့ ဆရာတော်ကြီးအနေနဲ့ သမိုင်း ကြောင်းပြောပြပြီးတော့ ကျွန်တော်တို့ ဖူးတွေ့ခဲ့ရပါတယ်။ အဲဒီ မြသပိတ်တောင် ကနေမှတစ်ခါ ကျွန်တော်တို့တွေ ကျိုက်ဒေးဝန်တောင်ကို ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ကျိုက်ဒေးဝန်တောင် တော်စေတီမှာလည်း ဆရာတော်ဘုရားကြီးရဲ့ ဘုရားနဲ့ပတ်သက်တဲ့ သမိုင်းကြောင်းနောက်ခံတွေကို ကျွန်တော်တို့ကို ပြောပြပြီး တရားဓမ္မနာယူခဲ့ကြပါတယ်။ အဲဒီ တောင်ပေါ်ဘုရားတွေ ကျွန်တော် တို့တွေ ဖူးမြော်ပြီးတော့ ကြည်ညိုပြီးတဲ့အခါမှာ ကရင်ပြည်နယ်၊ ဘားအံမြို့ကို ကျွန်တော်တို့ ဆက်လက်ထွက်ခွာလာခဲ့ကြပါတယ်။

ကရင်ပြည်နယ်၊ ဘားအံမြို့မှာရှိတဲ့ ဇွဲကပင်ဟိုတယ်ကို ကျွန်တော်တို့ ရောက်ရှိတဲ့အခါမှာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေက ကျွန်တော်တို့ကို ကြိုဆိုခဲ့ကြပါတယ်။ ဒီလိုကြိုဆိုပြီး တဲ့အခါမှာ နောက်တစ်နေ့ ကျွန်တော်တို့ ၁၂-၈-၂၀၁၃ ရက်နေ့မှာ ဆောင်ရွက်မယ့်ကိစ္စတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပြီးတဲ့အခါမှာ ကျွန်တော်တို့ ဒီခရီးစဉ်မှာ ပါလာတဲ့ အဖွဲ့တွေ အားလုံး ဒီဇွဲကပင်ဟိုတယ်မှာပဲ တည်းပြီးတော့ ညစာကို အဲဒီမှာ သုံးဆောင်ခဲ့ကြပါတယ်။ ဒီ ညစာစားပွဲကိုတော့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း နဲ့အတူ ကျွန်တော်တို့ ကရင်ပြည်နယ် လွှတ်တော်က တာဝန်ရှိသူအချို့လည်း တက်ရောက်ခဲ့ကြပါတယ်ခင်ဗျား။ နောက်တစ်နေ့ ကျွန်တော်တို့ ၁၂-၈-၂၀၁၃ ရက်နေ့မှာ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးကို ကျွန်တော်တို့ ဆက်လက်ထွက်ခွာတဲ့ အခါမှာ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနဲ့ အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များက ခရီးဦးကြိုဆိုခဲ့ကြပါတယ်။ (၈)နာရီမှာတော့ ကျွန်တော်တို့ ကရင် ပြည်နယ်အစိုးရအဖွဲ့ခန်းမမှာ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီရဲ့ ကူညီထောက်ပံ့ခြင်း ကိစ္စများကို စတင်ပြီးတော့ ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီအခမ်းအနားမှာ အမျိုးသားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း အနေနဲ့ အဖွင့်အမှာ စကားပြောကြားပြီးတော့ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က ဒီရေဘေးသင့်ပြည်သူတွေကို ဘာကြောင့် ကျွန်တော်တို့တွေ လာရောက်ပြီးတော့ ထောက်ပံ့ရသလဲ ဆိုတဲ့ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ကနေပြီးတော့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ထံကို ကရင်ပြည်နယ်မှာရှိတဲ့ ရေဘေးသင့်ပြည်သူတွေအတွက် ထောက်ပံ့ငွေကျပ်သိန်း (၃၀၀)ကို ကော်မတီကိုယ်စား ပေးအပ်ခဲ့ပါတယ်။ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ကတော့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ထံကို ရေဘေးသင့် ပြည်သူတွေအတွက် အဝတ်အထည်စုစုပေါင်း (၅၃၃၆)ထည်ကို ကျွန်တော်တို့ လှူဒါန်းခဲ့ပါတယ်။ ပြီးတဲ့အခါမှာ ကော့ကရိတ်ကရုဏာဖောင်ဒေးရှင်းမှာ လိုအပ်နေတဲ့ အောက်ဆီဂျင်ဘူးတွေ ဝယ်ဖို့ ငွေကျပ်သိန်း(၃၀)ကို ဦးမန်းအောင်ကြိုင် ကို ပေးအပ်ခဲ့ပါတယ်ခင်ဗျား။ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင် ကလည်း ရေဘေးဒဏ်ကြောင့် ပျက်စီး

သွားတဲ့ ကြံခင်းဘုန်းကြီးကျောင်း အုတ်နံရံပြုပြင်ဖို့အတွက် ကျပ်သိန်း(၃၀)နဲ့ ဘုန်းကြီးပျံအတွက် အလှူငွေကျပ်(၁၀)သိန်း ပြီးခဲ့တဲ့အခါမှာ ကျွန်တော်တို့ ပန်းကန်ခွက်ယောက်တွေပြီးတော့ ယဥ်ကျေးလိမ္မာစာအုပ်တွေကို ကော်မတီကိုယ်စား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ထံကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ဒီလိုပေးအပ်လှူဒါန်းတာတွေနဲ့ပတ်သက်ပြီးတော့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း အနေနဲ့ ပစ္စည်းတွေလက်ခံပြီးတဲ့အခါမှာ ဒေသခံများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးကနေ လှူဒါန်းမှုကိစ္စ ပြီးတဲ့အခါမှာ ကမမောင်းကို ကျွန်တော်တို့ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ကမမောင်းမှာတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ဒေါ်နန်းနီနီအေး၊ ဦးစောထွန်းမြအောင် နဲ့ ဦးစောငြိမ်းသင် ပြီးတဲ့အခါမှာ ကျွန်တော်တို့ ခရိုင်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ ကြိုဆိုခဲ့ကြပါတယ်။ ကမမောင်းမှာရှိတဲ့ ရေဘေးသင့်ပြည်သူတွေအတွက် ထောက်ပံ့ငွေနဲ့ ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှာ ကျင်းပခဲ့ကြပါတယ်။ ဒီလိုကျင်းပရာမှာ ဒုတိယဥက္ကဋ္ဌ၊ ဦးမြညိမ်း အနေနဲ့ အဖွင့်အမှာစကား ပြောကြားပြီးတော့ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ကတော့ ကူညီရခြင်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒီ ကမမောင်း ရေဘေးသင့် ပြည်သူတွေအတွက် လှူဒါန်းငွေ ကျပ်သိန်း(၁၀၀)ကို ကော်မတီကိုယ်စား ဒုတိယဥက္ကဋ္ဌ၊ ဦးမြညိမ်း မှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းမြဝင်း ထံသို့ ပေးအပ်ခဲ့ပါတယ်။ ပြီးတဲ့အခါမှာ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ကတော့ အဝတ်အထည်တွေကို ကမမောင်းအုပ်ချုပ်ရေးမှူး ဦးစောလာမွန်ထူး ထံကို ကျွန်တော်တို့ ပေးအပ်ခဲ့ပါတယ်။

သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင် ကတော့ ဘုန်းကြီးကျောင်းတွေမှာ အသုံးပြုဖို့အတွက် ပန်းကန်ခွက်ယောက်အစုံတွေကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းမြဝင်း ထံကို ကျွန်တော်တို့ ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ဒီလို လှူဒါန်းပြီးတဲ့ အခါမှာ ကျွန်တော်တို့ ခရီးစဥ်မှာပါဝင်ရတဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေဟာ ဒေသခံတွေကို ကိုယ်တိုင်ကိုယ်ကျ အဝတ်အစားများကို ဝတ်ဆင်ပေးပြီးတော့ လှူဒါန်းခြင်းအတွက် ပီတိ ဖြစ်ခဲ့ရပါတယ်။ ဒီလိုလှူဒါန်းမှုနဲ့ ပတ်သက်ပြီးတော့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းမြဝင်း ကလည်း ဒေသခံများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါတယ်။ ကမမောင်းကနေပြီးတော့ ကျွန်တော်တို့ ကိုးနဝင်းစေတီကို ဆက်လက်ထွက်ခွာခဲ့ပါတယ်။ ကိုးနဝင်းဆရာတော်ကို ဖူးတွေ့ပြီးတဲ့အခါမှာ ကိုးနဝင်းဆရာတော်နဲ့ ကမမောင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ကျောင်းဆရာ/ဆရာမများအတွက် ထောက်ပံ့လှူဒါန်းငွေ ကျပ်သိန်း(၂၀)၊ နောက် ဆရာတော်အတွက် သင်္ကန်းပဋိက္ခရာ၊ ပန်းကန်ခွက်ယောက်တွေကို အဲဒီမှာ လှူဒါန်းခဲ့ကြပါတယ်။ ကိုးနဝင်းဆရာတော်ဆီကနေ ပြီးတဲ့အခါမှာ ကျွန်တော်တို့ မြိုင်ကြီးငူကို ဆက်လက်ထွက်ခွာခဲ့ပါတယ်။ မြိုင်ကြီးငူမှာတော့ ကျွန်တော်တို့ စုံနံ့သာမြိုင်ရွှေမြို့တော်မှာ ရေဘေးသင့်ပြည်သူတွေကနေ စောင့်ပြီးတော့ ကျွန်တော်တို့ အခမ်းအနားကို စောင့်နေကြပါတယ်။ အဲဒီမှာ ကျွန်တော်တို့ လှူဒါန်းမှုအနေနဲ့ကတော့ အမျိုးသား

လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ကနေပြီးတော့ ဒီထောက်ပံ့တဲ့ ဆန်အိတ်(၂၀၀)ကို ကျွန်တော်တို့ လူမှုကိုယ်စားလှယ် ဦးလင်းကြည် ထံကို ပေးအပ်ခဲ့ပါတယ်။ အဲဒီမှာ တစ်ခု ထူးခြားတာကတော့ ကျွန်တော်တို့ ဗမာလို ပြောတာကို သူတို့ ကရင်တွေအနေနဲ့ကတော့ ဘယ်လိုမှမသိတော့ ဘာသာပြန် ကရင်တစ်ယောက်က ဝင် ဝင်ပြီးတော့ ပြောပေးရပါတယ်။ ဒါကတော့ ကျွန်တော်တို့ ခရီးစဉ်မှာ တွေ့ရတဲ့ အတွေ့အကြုံလေးတစ်ခုအနေနဲ့ ပြောပြတာပါ။ နောက်တစ်ခုက ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ကတော့ အဝတ်အထည်များကို လူမှုရေးအတွင်းရေးမှူး ဦးစိုးတင့် ထံကို ပေးအပ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဒေသခံတွေကို အကုန်လုံး အဝတ်အထည်ကို ကိုယ်တိုင်ကိုယ်ကျ ဝတ်ဆင်ပေးခဲ့ကြပါတယ်။

အဲဒီကနေ ကျွန်တော်တို့ ဆက်လက်ထွက်ခွာတဲ့အခါမှာလှိုင်းဘွဲ့မြို့နယ်အောင်ဆန်းခန်းမ ကိုရောက်ရှိခဲ့ပါတယ်။ လှိုင်းဘွဲ့မြို့နယ် အောင်ဆန်းခန်းမမှာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဦးမြညိမ်းမှ အဖွင့်အမှာစကား ပြောကြားပြီးတော့ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က လှူဒါန်းရခြင်းနဲ့ စပ်လျဉ်းပြီးတော့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ လှိုင်းဘွဲ့မြို့ရေဘေးသင့်ပြည်သူတွေအတွက် အလှူငွေကျပ်သိန်း(၅၀)ကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဦးမြညိမ်း မှ ဘားအံအုပ်ချုပ်ရေးမှူး ဦးရဲနိုင် ထံကို ပေးအပ်ခဲ့ပါတယ်။ အဝတ်အထည်များကိုတော့ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က လှိုင်းဘွဲ့ အုပ်ချုပ်ရေးမှူး ဦးစောခူရီ ထံကို ပေးအပ်ခဲ့ပါတယ်။ ပြီးတဲ့အခါမှာ ကော်မတီဝင်တွေဟာ ကိုယ်တိုင်ကိုယ်ကျ အဝတ်အစားတွေကို ဝတ်ဆင်ပေးအပ်ခဲ့ကြပါတယ်။ အဲဒီကနေ ကျွန်တော်တို့ ဆက်လက် ထွက်ခွာခဲ့တဲ့အခါမှာ ထီလုံတိုက်နယ်မှာရှိတဲ့ ခ.မ.ရ(၂၀၃)ကို ရောက်ရှိခဲ့ကြပါတယ်။ ခ.မ.ရ (၂၀၃)မှာရှိတဲ့ရေဘေးသင့် ပြည်သူတွေအတွက် အလှူငွေကျပ်သိန်း(၅၀)ကို အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း က ကျွန်တော်တို့ ဌာနချုပ်တပ်ခွဲမှူး ဗိုလ်မှူးဝင်းမင်းဟိန်း ကို ပေးအပ်ခဲ့ပါတယ်။ အဝတ်အစားများကိုတော့ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ကနေပြီးတော့ ဌာနချုပ်မှူး ဗိုလ်မှူးဝင်းမင်းဟိန်း ကိုပဲ ပေးအပ်ပြီးတော့ ဗိုလ်မှူးဝင်းမင်းဟိန်း အနေနဲ့ စစ်သည်မိသားစုများရဲ့ကိုယ်စား ကျွန်တော်တို့ ကော်မတီအဖွဲ့ကို ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်ခင်ဗျား။

ပြီးနောက် ကျွန်တော်တို့တွေ ပြန်လည်ဆက်လက်ထွက်ခွာခဲ့တာ ဝန်ကြီးချုပ်အပါအဝင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း နဲ့အတူ ရေဘုတ်ဆည်ကို ကျွန်တော်တို့ လေ့လာခဲ့ရပါတယ်။ ပြီးတဲ့အခါမှာ ဘားအံစက်မှုဇုန်မှာရှိတဲ့ UMH အထည်ချုပ်စက်ရုံကို ဝန်ကြီးချုပ်နဲ့အတူ ကျွန်တော်တို့ လေ့လာခဲ့ရပါတယ်။ ပြီးတဲ့အခါမှာ ဝန်ကြီးချုပ်က ကျွန်တော်တို့ကို ဇွဲကပင်ဟိုတယ်အထိလိုက်ပြီး တော့ ပို့ပြီးတော့ ကျွန်တော်တို့တွေဟာ မော်လမြိုင်မြို့ကို ဆက်လက်ထွက်ခွာပြီးတော့ မော်လမြိုင် မြို့မှာရှိတဲ့ ငွေမိုးဟိုတယ်မှာ တည်းခိုပြီးတော့ ညအိပ် ရပ်နားခဲ့ကြပါတယ်။ နောက်တစ်နေ့ ၁၃-၈-၂၀၁၃ ရက်နေ့မှာတော့ ကျွန်တော်တို့ ငွေမိုးဟိုတယ် ကနေပြီးတော့ ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို ဆက်လက် ထွက်ခွာခဲ့ကြပါတယ်။ ရုံးကို ရောက်တဲ့အခါမှာတော့ ကျိုက်မရောမြို့နယ် ဒုတိယဦးစီးမှူး ဦးကျော်ဇင်ဦး က အဲဒီအချိန်မှာ ဖြစ်ခဲ့တဲ့ ကျိုက်မရောမြို့နယ်

ရေဘေးသင့်ကိစ္စရပ်တွေရဲ့ ဆောင်ရွက်ထားရှိမှု အခြေအနေတွေကို ကျွန်တော်တို့ကို video slide နဲ့ ရှင်းပြပါတယ်။ အဲဒီနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း က နှုတ်ခွန်းဆက် စကား ပြောကြားပြီးတော့ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းရခြင်း အကြောင်းအရင်းများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ဆောင်ရွက်ရာမှာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ကနေပြီးတော့ ကော်မတီ ကိုယ်စား အလှူငွေကျပ်သိန်း(၁၀၀)ကို ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း ကို ပေးအပ်ခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ကတော့ အဝတ်အထည်များကို ဒုတိယဦးစီးမှူး ဦးကျော်ဇင်ဦး ထံကို ပေးအပ်လှူဒါန်းခဲ့ပါတယ်ခင်ဗျား။ ဒီလိုပေးအပ် လှူဒါန်းပြီးတဲ့အခါမှာ ကော်မတီဝင်တွေ အကုန်လုံးက ကိုယ်တိုင်ကိုယ်ကျ ဒုက္ခသည်များကို အဝတ်အစားများကို ဝတ်ဆင်ပေးခဲ့ကြပါတယ်။ အဲဒီကနေ ဆက်လက်ပြီးတော့ ကျွန်တော်တို့တွေ ကျိုက်မရော ဆုတောင်းပြည့်ဘုရားကြီးကို သွားရောက်ဖူးမြော်ပြီးတော့ ဘုရားကြီး ဘက်စုံမွမ်းမံပြင်ဆင်ဖို့အတွက်ကို ကော်မတီကိုယ်စား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းမှ အလှူငွေ ကျပ်(၅)သိန်းကို လှူဒါန်းပေးအပ်ခဲ့ ပါတယ်ခင်ဗျား။ ဆက်လက်ပြီး ကျွန်တော်တို့ ကျိုက်မရော ဘုရားကြီးကနေ ပြီးတော့ မွန်ပြည်နယ် ပြည်နယ်ခန်းမကို နေ့လယ်ပိုင်းမှာ ရောက်ရှိခဲ့ပါတယ်။ အဲဒီမှာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် နဲ့ တွေ့ဆုံပြီးတော့ ပြည်နယ်မှာရှိတဲ့ ရေဘေးသင့်ပြည်သူတွေအတွက် အလှူငွေနဲ့ ပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားကို ဆက်လက်ပြုလုပ်ခဲ့ပါတယ်။ ပထမဦးဆုံး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် အနေနဲ့ ဒီလိုလာရောက် လှူဒါန်းခြင်းနဲ့ ပတ်သက်ပြီးတော့ အဖွင့်အမှာစကား ပြောကြားပေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ကလည်း လာရောက်လှူဒါန်းရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က လှူဒါန်းရခြင်း အကြောင်းအရင်းများကို ပြောကြားခဲ့ပါတယ်။ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါက်တာခင်မောင်သွင် ကတော့ ရေဘေးသင့်ပြည်သူတွေကို ပြည်နယ်အနေနဲ့ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါတယ်ခင်ဗျား။ ဆက်လက်ပြီး ကျွန်တော်တို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပတဲ့အခါမှာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဦးမြညိမ်း ကနေပြီးတော့ ရေဘေးသင့်ပြည်သူတွေအတွက် အလှူငွေ ကျပ်သိန်း(၃၀၀)ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ထံသို့ ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ဆက်လက်ပြီး အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီ စောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က မွန်ပြည်နယ် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အတွက် အသုံးပြုရန် ငွေကျပ်သိန်း(၃၀၀)ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ထံသို့ ပေးအပ်ခဲ့ ပါတယ်။ ရေဘေးသင့်ပြည်သူတွေအတွက် အဝတ်အထည်နဲ့ မျိုးစပါးအိတ်(၁၀၀၀)ကိုတော့ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါက်တာခင်မောင်သွင် ထံကို ပေးအပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီ စောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်လဝီအောင် ထံကို ရေးမြို့နယ်မှာရှိတဲ့ ရေဘေးသင့် ပြည်သူတွေအတွက် ကူညီထောက်ပံ့ငွေကျပ်သိန်း(၅၀)ကို လှူဒါန်းခဲ့ပါတယ်။ မွန်ပြည်နယ်မှာ ကျွန်တော်တို့ လှူဒါန်းမှုကိစ္စတွေပြီးတဲ့အခါမှာ ကျွန်တော်တို့တည်းခိုတဲ့ ငွေမိုးဟိုတယ်ကို ပြန်လည်ရောက်ရှိပြီးတော့ နေ့လယ်စာ စားသုံးခဲ့ပါတယ်။ နေ့လယ်စာ စားသုံးပြီးတော့ နေ့လယ်ခင်းမှာ ကျွန်တော်တို့ ဝင်းစိန်တောရဆရာတော် ဦးကေသရကို ကျွန်တော်တို့ သွားရောက်ဖူးမြော်ခဲ့ပါတယ်။ ဆရာတော်ကြီးအနေနဲ့ကတော့ စကားချပ်အနေနဲ့ သက်တော်(၉၄)နှစ်ရှိပြီလို့ သိရပါတယ်။ သူကိုယ်တိုင်ပဲ ဘုရားတည်ဆောက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ လျောင်းတော်မူကြီးက ယခင် ဆောက်ထားတာကတော့ အတောင်(၄၀၀) ရှိပါတယ်။ အခု လက်ရှိဆောက်နေတာကတော့ အတောင်(၆၀၀)ပြည့် အောင်ဆောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆရာတော်ကြီး ဆောက်နေတဲ့အတွက် အဲဒီအတွက် အလှူငွေကို အလှူငွေ ကျပ်သိန်း(၁၀၀)နှင့် ဘိလပ်မြေအိတ်(၁၈၀၀)ကို ကျွန်တော်တို့ အဲဒီမှာ လှူဒါန်းဖြစ်ခဲ့ပါတယ်ခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဝဲပုံစာသင်တိုက်ကို ဆက်လက်ထွက်ခွာခဲ့ရာ ဝဲပုံဆရာတော် ဘဒ္ဒန္တဝိဇယာဘိဝံသကို ဖူးမြော်ကြည်ညိုရပြီးတော့ ဒီ ဆရာတော်ကြီးကလည်း (၉၄)နှစ် ရှိပါပြီခင်ဗျား။

ဆရာတော်ကြီးထံမှာလည်း ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒုက္ခသည်များကူညီ စောင့်ရှောက်ရေးကော်မတီ ဒေါက်တာခင်ရွှေ တို့က အလှူငွေကျပ်(၅)သိန်းကို လှူဒါန်းခဲ့ပါတယ်။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ ကျိုက်သလ္လံစေတီတော်မြတ်ကို သွားရောက်ဖူးမြော်ကြပါတယ်။ ကျိုက်သလ္လံစေတီတော်ရဲ့ ဘက်စုံမွမ်းမံပြုပြင်ရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ အလှူငွေကျပ်(၅)သိန်းကို လှူဒါန်းခဲ့ပါတယ်။ ကျိုက်သလ္လံစေတီတော်မြတ်ကို ဖူးမြော်ပြီးတဲ့အခါမှာ  ကျွန်တော်တို့ တည်းခိုတဲ့ ငွေမိုးဟိုတယ်ကို ပြန်လည်ရောက်ရှိပြီး ညပိုင်းမှာတော့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် က ဒီ ပြည်နယ်က တာဝန်ရှိသူတွေရော၊ ဒီခရီးစဉ်မှာပါတဲ့ အဖွဲ့တွေရော ဒီငွေမိုးဟိုတယ်မှာ ညစာ တည်းခင်းဧည့်ခံခဲ့ပါတယ်။ ကျွန်တော်တို့ နောက်တစ်နေ့ ၁၄-၈-၂၀၁၃ ရက်နေ့မှာတော့ ငွေမိုးဟိုတယ်ကနေ ကျွန်တော်တို့ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ဇင်းကျိုက်တောင်ပေါ်ကို သွားရောက်ဖူးမြော်ဖို့ ခရီးထွက်ခဲ့ကြပါတယ်။ ဇင်းကျိုက်တောင်ပေါ်ကတော့ တော်တော်မြင့်မားပါတယ်။ ပေ(၅၀၀၀)အထက် ရှိတယ်လို့ သိရပါတယ်။ ဇင်းကျိုက်တောင်ပေါ်မှာရှိတဲ့ သာသနိက အဆောက်အအုံတွေကို ဆောက်လုပ်ရန်အတွက် အဲဒီမှာ ကျောင်းထိုင်တဲ့ ဆရာတော်ထံကို နဝကမ္မအလှူငွေ ကျပ်(၅)သိန်း ကျွန်တော်တို့ လှူဒါန်းခဲ့ပါတယ်။ အဲဒီ ဇင်းကျိုက်တောင်နှင့် ဆက်လျက်ပဲ ကျွန်တော်တို့ မင်း(၁၀၁)ပါးတောင်ဆိုတာကို ဆက်လက်ထွက်ခွာခဲ့ပါတယ်။ အဲဒီ မင်း(၁၀၁)ပါးတောင်မှာတော့ ကျွန်တော်တို့ ခရီးစဉ်မှာပါလာတဲ့ အဖွဲ့တွေစုပေါင်းပြီးတော့ နဝကမ္မ အလှူငွေ လှူဒါန်းဖြစ်ခဲ့ပါတယ်။ အဲဒီ နောက်မှာတော့ ကျွန်တော်တို့တွေ ခရီးစဉ်ဟာ အဲဒီကနေ နေပြည်တော်ကို ပြန်လည်ထွက်ခွာခဲ့တာ နေပြည်တော်ကို ကျွန်တော်တို့ ၁၄-၈-၂၀၁၃ ရက်နေ့ (၈)နာရီမှာ ပြန်လည်ရောက်ရှိခဲ့ကြပါတယ်။

အခုဒီခရီးစဥ်မှာ ကျွန်တော်တို့ ပြန်သုံးသပ်တဲ့အခါမှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် အတွက်ချည်းပဲ ထောက်ပံ့ငွေ စုစုပေါင်းအနေနဲ့ ပြန်ပြီးတော့ ပစ္စည်းတန်ဖိုး၊ ငွေတန်ဖိုးတွေကို ပေါင်းလိုက်တဲ့အခါမှာ (၂၆၂၉)သိန်း ရှိခဲ့ပါတယ်။ ပြီးတဲ့အခါမှာ သတင်းထုတ်ပြန်တဲ့ကိစ္စတွေ၊ မှတ်တမ်းတင်တဲ့ကိစ္စတွေ ဆောင်ရွက်ဖို့အတွက် MRTV, MRTV-4, MWD, SKY NET, Street View Journal, ပြည်ထောင်စုနေ့စဥ် နဲ့ Envoy Journal, လျှပ်တစ်ပြက်ဂျာနယ်နှင့် အခြား သတင်းဌာနများမှ သတင်းထောက်တွေကိုလည်း (၃၀)ဦးခန့် ခေါ်သွားခဲ့ပါတယ်။ ခရီးစဥ် တစ်လျှောက်လုံး လှူဒါန်းခဲ့တဲ့ ငွေကျပ်သိန်း(၂၆၂၉)နဲ့ ခရီးစဥ်တစ်လျှောက်လုံးမှာ လိုက်ပါလာ သူတွေရဲ့ နေထိုင်ရေး၊ သွားလာရေးနဲ့ စားသောက်ရေးကိစ္စတွေကိုတော့ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ တာဝန်ယူအကုန်အကျခံ လှူဒါန်းခဲ့ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီဟာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဒုက္ခခံစားနေကြရတဲ့ တိုင်းရင်းသားညီအစ်ကိုမောင် နှမများကို ကော်မတီရဲ့ရည်မှန်းချက်နဲ့ တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်သွားမယ်လို့ ရည်ရွယ်ထား ပါတယ်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ရေဘေးသင့်ပြည်သူများကို အလှူငွေနှင့် ပစ္စည်းများ သွားရောက်လှူဒါန်းတဲ့ခရီးစဥ်မှာ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့၊ လွှတ်တော်ရုံးအဖွဲ့၊ စေတနာအပြည့်အဝဖြင့် ဒေသမှာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြတဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုလည်း ကျွန်တော်တို့ကော်မတီ ကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီရဲ့ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ် အတွင်းမှာရှိတဲ့ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနဲ့ ပစ္စည်းများ သွားရောက်လှူဒါန်းခြင်း ခရီးစဥ်အား သိရှိနိုင်ပါရန် ကော်မတီကိုယ်စားတင်ပြ အစီရင်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီရဲ့ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ သွားရောက်လှူဒါန်းခြင်း ခရီးစဥ်အစီရင်ခံစာ(၁/၂၀၁၃)ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၇) ရက် မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၃၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို (၁၂း၃၇)နာရီအချိန်တွင် ရပ်နားပါသည်။]